# ၂၀၀၈ စီဒေါ အတွေ့အကြုံ ထင်ဟပ်ချက်များ

၂၀၀၉ ခုနှစ် ဇန်နဝါရီလ

**မာတိကာ** **စာမျက်နှာ**


| | |
|---|---|
| ကျေးဇူးတင်လွှာ | |
| အစီရင်ခံစာ အကျဉ်းချုပ် | ၁ |
| အကြံပြုချက်များ | ၁ |
| နောက်ခံသမိုင်း | ၄ |
| အပိုင်း (၁) **လုပ်ငန်း အစီအစဉ် ချမှတ်ခြင်း (ဇန္နဝါရီ- မတ် ၂၀၀၈)** | ၇ |
| အပိုင်း (၂) **စီဒေါ စင်ပြိုင်အစီရင်ခံစာ မူကြမ်း ပြုစုခြင်း (ဧပြီ-ဇွန်လ ၂၀၀၈)** | ၁၃ |
| အပိုင်း (၃) **အစီရင်ခံစာ မူကြမ်းအပေါ် အကြံဉာဏ်များ ရယူခြင်းနှင့် အချောသတ် ပြင်ဆင်ခြင်း (ဇူလိုင်- စက်တင်ဘာလ ၂၀၀၈)** | ၁၅ |
| အပိုင်း (၄) **စီဒေါ အစည်းအဝေးအတွက် လှုပ်ရှားဆောင်ရွက်မှုများ (စက်တင်ဘာ- နိုဝင်ဘာလ ၄)** | ၁၇ |
| အပိုင်း (၅) **အစည်းအဝေးပြီး ဆောင်ရွက်ခဲ့သော လှုပ်ရှားမှုများ (ဒီဇင်ဘာ ၂၀၀၈ အထိ)** | ၂၅ |
| နိဂုံး | ၂၆ |
| **နောက်ဆက်တွဲများ** | |
| နောက်ဆက်တွဲ-၁ | ၂၇ |
| နောက်ဆက်တွဲ-၂ | ၂၉ |
| နောက်ဆက်တွဲ-၃ | ၂၉ |
| နောက်ဆက်တွဲ-၄ | ၃၀ |
| နောက်ဆက်တွဲ-၅ | ၃၄ |
| နောက်ဆက်တွဲ-၆ | ၃၇ |
| အတိုကောက် စာလုံးများ | ၅၃ |

## အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသား အမျိုးသမီး အဖွဲ့အစည်း အသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ ဖြစ်သည်။ အဖွဲ့ချုပ်ကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် တည်ထောင်ဖွဲ့စည်း ခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေး အတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးအပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာ စေရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

### ရည်ရွယ်ချက်များ

- အမျိုးသမီးများ အဆင့်အတန်းတိုးတက် မြင့်မားလာစေရေးနှင့် ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ရန်။
- လူမှုအဖွဲ့အစည်း၏ ကဏ္ဍအသီးသီး၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိရေးနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် နေရာများတွင် ပါဝင် ဆောင်ရွက်လာစေရန်အတွက် တိုက်တွန်းစည်းရုံးရန်။
- ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ထိရောက်စွာ ပိုမိုပါဝင် လုပ်ကိုင် လာနိုင်စေရေးတို့ ဖြစ်သည်။

အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်း၊ မတူကွဲပြားသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လာစေရန် တိုက်တွန်းပေးခြင်း အားဖြင့် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က မြန်မာနိုင်ငံရှိ တိုင်းရင်းသား အမျိုးသမီး အဖွဲ့အစည်းများအကြား ယုံကြည်မှုများ၊ ချစ်ကြည်ရင်းနှီးမှုများ၊ အပြန်အလှန် နားလည်မှု များ တည်ဆောက်လာနိုင်လိမ့်မည်ဟု မျှော်လင့် ထားပါသည်။

ဆက်သွယ်ရန် လိပ်စာ

အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
Women's League of Burma
P O Box 413 GPO
Chiang Mai 50000 Thailand
wlb@womenofburma.org
www. womenofburma.org

# ကျေးဇူးတင်လွှာ

အမာရာဆာနာ ဒါရီဆူရန် (Amarsanaa Darisuren)၊ နာလိနီ ဆင်းဂ် (Nalini Singh) နှင့် ဥူဆာ လာဆရီဆန်တက် (Usa Lersrisuntad) တို့ အပါအဝင် (CEDAW) စင်ပြိုင်အစီရင်ခံစာ ရေးသားပြုစုသည့် လုပ်ငန်းစဉ်တွင် တန်ဖိုးရှိသည့် အကြံဉာဏ်များပေး၍ ကူညီပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလ ပုဂ္ဂိုလ်တဦးချင်းအား မိမိတို့ အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၊ ဘလူမ်းဘာ့ဂ် ပြည်သူ့ကျန်းမာရေးဆိုင်ရာကျောင်း (John Hopkins Bloomberg School of Public Health) ပြည်သူ့ ကျန်းမာရေးဌာနမှ ဒေါက်တာဗွီ စုဝမ်ဗန်နိကိချ် (Dr. V. Suwanvanichkij) နှင့် ဂျနီဗာ၌ မိမိတို့သွားနေစဉ်ကာလတိုင်အောင် မအားမလပ်သည့်ကြားက နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးခဲ့သည့် ဘရန်ဒါဘီးလတ် (Brenda Belak)၊ မစ္စ ပစ်ပါ ကာဝမ် (Pippa Curwen) တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သို့ ဤစင်ပြိုင်အစီရင်ခံစာ လုပ်ငန်းစဉ် အတွက် ဘဏ္ဍာရေးအားဖြင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေး အစီအစဉ် (NRP) မှတဆင့် ထောက်ပံ့ပေးခဲ့သော ဒိန်းမတ်– မြန်မာကော်မီတီ (DBC) နှင့် မြန်မာ့ ကယ်ဆယ်ရေးဌာန (BRC) မှတဆင့် ဘဏ္ဍာရေးအကူအညီပေးခဲ့သည့် အင်တာပဲရိစ် (Inter Pares) တို့အားလည်း အထူး ကျေးဇူးတင်ရှိပါသည်။

ဤလုပ်ငန်းစဉ်မစမီ အဆင့်မြင့် သင်တန်းနှင့် နယူးယောက်နှင့် ဂျနီဗာတို့တွင် “ကမ္ဘာလုံးဆိုင်ရာအဆင့်မှ ဒေသတွင်းသို့” (From Global to Local) အလုပ်ရုံသင်တန်းများ၊ စင်ပြိုင်အစီရင်ခံစာ အတွက် ကျစ်လျစ်အရေးပါသော အကြံဉာဏ်များပေး ခြင်း၊ (၄၂) ကြိမ်မြောက် စီဒေါကော်မတီ အစည်းအဝေးသို့ တက်ရောက်နိုင်ရန် အမျိုးသမီး (၄) ဦးအတွက် ရံပုံငွေများထောက်ပံ့ပေးခဲ့သော IWRAW-AP အားလည်း များစွာ ကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးအနေနှင့် (၄၂) ကြိမ်မြောက် စီဒေါကော်မတီအစည်းအဝေးသို့ အမျိုးသမီး ကိုယ်စားလှယ် (၃) ဦး တက်ရောက်ရန် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အစီအစဉ် (NRP) မှတဆင့် ရံပုံငွေထောက်ပံ့ပေးခဲ့ သော ဥရောပဆိုင်ရာမြန်မာရုံး (EBO) အားလည်း ကျေးဇူးတင်ရှိ ပါကြောင်း ဖော်ပြအပ်ပါသည်။

# စစ်အာဏာရှင်
# ကြီးစိုးမှု မှောင်ရိပ်

စီဒေါ ခင်ပြိုင်အစီရင်ခံစာ

မြန်မာနိုင်ငံမှ အမျိုးသမီးများ

၂၀၀၈ ခုနှစ်

# ၂၀၀၈ စီဒေါစင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ်၏ အတွေ့အကြုံများအား ထင်ဟပ်သုံးသပ်ခြင်း

## အနှစ်ချုပ်

၂၀၀၀ ခုနှစ်မှစ၍ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) /WLB သည် ဘေဂျင်းလုပ်ငန်းစဉ်၊ WCAR လုပ်ငန်းစဉ်နှင့် အခြားသော ကုလသမဂ္ဂ ညီလာခံများ၊ စည်းဝေးပွဲများတွင် ပါဝင်တက်ရောက်၍ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်သည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။[၁] မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော **အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုများ ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်အရ** လိုက်နာဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးသည့် **၂၀၀၈ ခုနှစ် ပြန်လည်သုံးသပ်ခြင်း** အတွက် လုပ်ဆောင်ခဲ့သော **စီဒေါစင်ပြိုင် အစီရင်ခံစာ** လုပ်ငန်းစဉ်မှာ WLB ၏ လတ်တလော စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများအနက် အောင်မြင်မှုတခု ဖြစ်ပေသည်။

ဤစီဒေါလုပ်ငန်းစဉ်၌ လုပ်နိုင်စွမ်းရည် အမျိုးမျိုးဖြင့်ပါဝင်ခဲ့သော အမျိုးသမီးများ၏ ထင်ဟတ်သုံးသပ်ချက်များနှင့် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများက ယခု အစီရင်ခံစာငယ် ရေးသားထုတ်ဝေရန် စေ့ဆော်ခဲ့ပါသည်။ ဤအစီရင်ခံစာတွင် စီဒေါလုပ်ငန်းစဉ်တလျှောက် လုပ်ငန်းများဆောင်ရွက်ရင်း တဦးချင်းနှင့် အဖွဲ့အစည်းများ၏ လုပ်နိုင်စွမ်းရည်များ မြင့်မားလာစေခြင်းများအပြင်၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများအား အခြေခံဦးတည်ထားသော မဟာဗျူဟာများဖြင့်၊ ဒေသတွင်းမှ ကမ္ဘာ့အဆင့်ဆီသို့ ချိတ်ဆက် နိုင်ခဲ့သည့် အခြေအနေကို အထူးမီးမောင်းထိုး ဖော်ပြထားပါသည်။ ဤလုပ်ငန်းစဉ်အတွင်း ရရှိလာသည့် ရလဒ်များ၊ သင်ခန်းစာများမှ တဆင့် အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် အဖွဲ့ဝင် မဖြစ်သေးသော အဖွဲ့အစည်းများ မတူညီသော အခြေအနေ အရပ်ရပ်၌ လှုပ်ရှားမှုများ အဆင့်ဆင့် ဆောင်ရွက်ရာတွင် ပို၍ ဗျူဟာမြောက် ရှင်းလင်း သော၊ ပို၍ ဖက်စုံဖြစ်သော အစီအမံများကို နောက်နောင်တွင် ရေးဆွဲလာနိုင်ကြမည်ဟု မျှော်လင့်မိပါသည်။

WLB သည် ဤလုပ်ငန်းစဉ်ကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင် အစပျိုးဆောင်ရွက်ခဲ့ရာ ဤလုပ်ငန်းစဉ်၏ ထင်ရှားသော ရလဒ်များအနက်မှ တခုမှာ **စစ်အာဏာရှင်ကြီးစိုးမှု မှောင်ရိပ်** ဟု အမည်ရ **စီဒေါစင်ပြိုင် အစီရင်ခံစာ** ထွက်ပေါ်လာခဲ့ခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ နယ်စပ်တလျှောက်ရှိ အမျိုးသမီး အဖွဲ့ အစည်းများနှင့် အခြား လူထုအခြေပြု အဖွဲ့အစည်းများ၊ ကွန်ယက် ဆက်စပ်သူများ အကြား တိုင်ပင်ဆွေးနွေးပွဲများနှင့် အချက်အလက်စုဆောင်းရေး လုပ်ငန်းများကို တစ်နှစ်ကြာ လုပ်ဆောင်ခဲ့ကြပြီး၊ ဤ စီဒေါ စင်ပြိုင် အစီရင်ခံစာ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

စီဒေါ အစီရင်ခံစာကို အသုံးပြု၍ အမျိုးသမီးငယ် အများစုပါဝင်သော ကိုယ်စားလှယ် (၉) ဦးပါ မြန်မာနိုင်ငံ ကိုယ်စားလှယ် အဖွဲ့က မြန်မာနိုင်ငံတွင်း အမျိုးသမီးများ ရင်ဆိုင်နေရသည့် အရေးကိစ္စ၊ ပြဿနာများကို အလေးပေးတင်ပြ၍ စီဒေါကော်မီတီကို ချည်းကပ် စည်းရုံး တိုက်တွန်းနိုင်ခဲ့ပါသည်။ ကော်မတီ၏ နိဂုံးချုပ် လေ့လာသုံးသပ်ချက်များတွင် မိမိတို့ တင်ပြသော အရေးကိစ္စများ ပါဝင်ရေးကိုလည်း ချည်းကပ် စည်းရုံးနိုင်ခဲ့ပါသည်။

ထို့ပြင် အမျိုးသမီးအဖွဲ့အစည်းများ၊ စီဒေါ အစီရင်ခံစာ ရေးသားပြုစုကြသည့် အလုပ်အဖွဲ့ဝင်များနှင့် စည်းရုံးလှုပ်ရှားရေး အသင်းအဖွဲ့ဝင်များက စီဒေါနှင့်ပတ်သက်၍ ဆက်လက် လုပ်ဆောင်ရမည့် အနာဂတ် လုပ်ငန်းစီမံချက်များအတွက် အောက်ဖော်ပြပါအတိုင်း အကြံပြုချက်များ ပြုလုပ်ခဲ့ပါသည်။

## အကြံပြုချက်များ

(က) **လုပ်ငန်းစဉ်တွင်ပါဝင်ခဲ့သည့် အမျိုးသမီးအဖွဲ့များအားလုံး၏ အကြံပြုချက်များ**

- ရပ်ရွာ လူမှုအသိုင်းအဝိုင်း အဆင့်၌ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုများ ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (စီဒေါ) ဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် အသိပညာပေးမှုများ တိုးမြှင့် ပြုလုပ် သင့်သည်။
- စီဒေါ ဆိုင်ရာ လှုပ်ရှားမှုများ၊ ကမ်ပိန်းများကို မြန်မာနိုင်ငံအတွင်း၌ပါ တိုးချဲ့စည်းရုံး ဆောင်ရွက်သင့်သည်။ လူမှု

အသိုင်းအဝိုင်းအဆင့်တွင်လည်း သက်ဆိုင်ရာဒေသသုံး ဘာသာစကားဖြင့် ချဲ့ထွင် လုပ်ဆောင်သင့်သည်။

- ရပ်ရွာ လူမှုအသိုင်းအဝိုင်းအခြေပြု လုပ်ငန်းစဉ်များ၊ လှုပ်ရှားမှုများ ပိုမို ဆောင်ရွက်သင့်ပြီး၊ အခြေခံ ပြည်သူများအား လုပ်နိုင်မှုစွမ်းရည်မြှင့်တင်ပေးသည့် လှုပ်ရှားမှုများ၊ လုပ်ငန်းစဉ်များ ပိုမိုရှိသင့်သည်။

(ခ) စီဒေါ အလုပ်အဖွဲ့၏ အကြံပြုချက်များ –

- မြန်မာနိုင်ငံရှိ အမျိုးသမီးထု တရပ်လုံးနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့သည် စီဒေါ အစည်းအဝေး၏ နောက်ဆက်တွဲ ဆက်လက် လုပ်ဆောင်မည့် လုပ်ငန်းအစီအမံ တခုရှိသင့်သည်။ မိမိတို့ ဒီမိုကရေစီ အစိုးရ တက်လာသည့်တိုင် အမျိုးသမီးများ တန်းတူညီမျှ အခွင့်အရေးများ ရရှိရေးအတွက် ဆက်လက်လုပ် ဆောင်ကြိုးပမ်းကြရမည်ကို မိမိတို့ သဘောပေါက် သိမြင်ထားကြပါသည်။ နိုင်ငံမှ တင်ပြလာသည့် အစီရင်ခံစာအပေါ် ပြန်လည်သုံးသပ်စည်းဝေးပွဲရှိသည့် အခါတိုင်း မိမိတို့က စီဒေါ စည်းဝေးပွဲတွင် ဆက်လက် စည်းရုံးတင်ပြသွားရန် လိုအပ်ပါလိမ့်မည်။
- စီဒေါ ကော်မီတီ (CEDAW Committee) ၏ နိဂုံးချုပ် လေ့လာသုံးသပ်ချက်များနှင့် ပတ်သက်၍ WLB က ဆက်လက် လုပ်ဆောင်သင့်ပါသည်။ လက်မှတ် ရေးထိုးကတိကဝတ်ပြုထားသည့် နိုင်ငံတော် အစိုးရက စီဒေါ ကော်မီတီ၏ အကြံပြုချက်များကို လိုက်နာ အကောင်အထည်ဖော်ခြင်း ရှိ–မရှိကို စောင့်ကြည့် လေ့လာနေသင့်သည်။ တချိန်တည်းမှာပင် WLB အနေနှင့် ၎င်း၏ အဖွဲ့ဝင် အဖွဲ့အစည်းများ၊ ၎င်းနှင့် ကွန်ယက် ချိတ်ဆက်ထားသည့် လူမှုအသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများအား နောက်ဆုံးဖြစ်ပေါ်တိုးတက် နေမှုများကို အမြဲအသိပေး တင်ပြနေခြင်း၊ စာချုပ်အဖွဲ့ဝင် နိုင်ငံက ကျူးလွန် နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက် လေ့လာမှတ်တမ်းတင်ပြီး၊ လူအများ သိရှိနိုင်အောင် ကြေညာဖြန့်ချိခြင်းတို့ကို ဆက်လက် ဆောင်ရွက်နေရမည် ဖြစ်ပါသည်။
- အမျိုးသမီးများ၏ အခွင့်အရေးကို မြှင့်တင်ရန်နှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရန် စီဒေါ သဘောတူညီချက်နှင့် နိုင်ငံတော် အစိုးရများ၏ လိုက်နာ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများအကြောင်းကို မိမိတို့က နိုင်ငံအတွင်းရှိ အမျိုးသမီးများထံ ဆက်လက် သတင်းဖြန့်ချိပေးနေရန် အထူးအရေးကြီးပါသည်။ လူမှုအဖွဲ့အစည်းများအတွင်း အသိပညာ တိုးလာရန်အလွန် အရေးကြီးပါသည်။ အသိပညာပေးလုပ်ငန်းများအား လူတဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်း တခုချင်းအားဖြင့်သော်လည်းကောင်း၊ မြန်မာအမျိုးသမီးထု အနေဖြင့်လည်းကောင်း ပြုလုပ်နိုင်ပါသည်။
- WLB အနေနှင့် ၎င်း၏ အဖွဲ့ဝင် အဖွဲ့အစည်းများသည် စီဒေါနှင့် အထွေထွေ အကြံပြုချက်များ၊ နောက်ဆုံးပေါ် သတင်းအချက်အလက်များ ဆက်လက်ရရှိနေစေရန် IWRAW ကဲ့သို့သော နိုင်ငံတကာ အမျိုးသမီး အဖွဲ့များနှင့် ဆက်လက်၍ အတူတွဲ လုပ်ဆောင်သင့်ပါသည်။
- အခြားသောနိုင်ငံများမှ ထောက်ခံမှုကို ရရှိပြီး ၎င်းတို့အားလည်း ပြန်လည်ထောက်ခံနိုင်ရန်၊ ထိုအခြားသော နိုင်ငံများမှ အမျိုးသမီးအဖွဲ့များနှင့် ချိတ်ဆက်ခြင်းအားဖြင့် ဒေသတွင်းအဆင့်မှ ကမ္ဘာ့အဆင့်သို့ ချိတ်ဆက်မိစေရန် ဆောင်ရွက်ပေးသင့်ပါသည်။
- မြန်မာအမျိုးသမီးထု တရပ်လုံးအနေနှင့် မိမိတို့က အမျိုးသမီးများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများကို မြန်မာနိုင်ငံအနှံ့ဒေသ အမျိုးမျိုးတွင် စစ်အစိုးရ၏ စီဒေါသဘောတူညီချက်နှင့် ပတ်သတ်သည့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို စောင့်ကြည့် အကဲခတ် လေ့လာနေရန် တိုက်တွန်းအကြံပြု လိုပါသည်။ ထို့အပြင် စီဒေါစာချုပ်တွင် ပါဝင်သော အမျိုးသမီးများ၏ လူ့အခွင့်အရေးများအပေါ် စစ်အစိုးရ၏ ချိုးဖောက်မှုများကိုလည်း စောင့်ကြည့်အကဲခတ်နိုင်ရန် မိမိတို့၏ ကွန်ယက်ချိတ်ဆက်မှုများကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သင့်ပါသည်။

## အခြေခံအလွှာမှ တုံ့ပြန်ချက်များ

- နယ်ပယ် တခုခြင်းစီတွင်အခြေခံသော အမျိုးသမီး အဖွဲ့အစည်း များသည် ၎င်းတို့၏ လူမှု အဖွဲ့အစည်းမှ ပြည်သူများနှင့် ပိုမို နီးကပ်လာပြီး ၎င်းတို့၏ ယုံကြည်မှုကို ရရှိလာသည်။
- အမျိုးသမီး အဖွဲ့အစည်းများသည် အတွေ့အကြုံ ပိုမိုရရှိလာပြီး လူ့အခွင့်အရေး အလွဲသုံးမှု၊ လူကုန်ကူးမှု၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှု စသည်တို့တွင် သတင်းအချက်အလက် စုဆောင်း ရန် စွမ်းရည် ပိုမိုတိုးတက်လာကြသည်။
- လူမှုအဖွဲ့အစည်းအတွင်းတွင် အမျိုးသမီးအဖွဲ့များနှင့် အမျိုးသမီး များမှ တဆင့် အမျိုးသမီးအခွင့်အရေးနှင့် ကာကွယ်ပေးမှုဆိုင်ရာ ကိစ္စများအတွက် စီဒေါ သဘောတူညီချက်၏ အရေးပါပုံနှင့် ၎င်း၏ အကြောင်းများကို ပိုမိုသိရှိလာကြသည်။
- အမျိုးသမီးအဖွဲ့များသည် ဒေသခံအဖွဲ့များနှင့် ပိုမိုကောင်းမွန် သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပေါ်စေသော နည်းလမ်းများ၊ ကျွမ်းကျင်မှု အရည်အချင်းများကို ရရှိခဲ့သည်။
- စီဒေါ လုပ်ငန်းစဉ် စီမံချက်တွင် အလုပ်လုပ်နေသော အဖွဲ့အစည်း တခုချင်းစီမှ အမျိုးသမီးများသည် စီဒေါ စာချုပ်အကြောင်း ပိုမို ကျွမ်းဝင်သိရှိလာကြသည်။ စီဒေါ ဆွေးနွေးပွဲ သင်တန်းများနှင့် အမျိုးသားများနှင့် ဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ယုံကြည်မှု ပိုမို ရရှိလာသည်။
- အမျိုးသမီးအဖွဲ့အစည်းများသည် (အမျိုးသမီးရေးကို ဦးတည် ဆောင်ရွက်ခြင်း မဟုတ်သည့် အဖွဲ့အစည်းများ အပါအဝင်) အခြားအုပ်စုများနှင့် ပူးပေါင်းဆောင်ရွက်သည့် နည်းဗျူဟာများ ကို ရရှိလာခဲ့သည်။
- မြန်မာနိုင်ငံအတွင်းရှိ လူမှုအသိုင်းအဝိုင်းများမှ အမျိုးသမီးများ ၏ အခြေအနေကို နားလည်မှု တိုးတက်လာစေပြီး၊ မြန်မာနိုင်ငံ အတွင်းတွင် လှုပ်ရှားမှုများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လို သည့် ဆန္ဒများ တိုးပွားလာသည်။
- ချင်း လူမှုအသိုင်းအဝိုင်းကဲ့သို့ ဝေးလံခေါင်ဖျားသော နယ်များတွင် ဒေသတွင်း အသိုင်းအဝိုင်းမှ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိလာသည်။
- ထိုလုပ်ငန်းစဉ်ကိုအသုံးပြုပြီး မတူညီသော နယ်ပယ်အသီးသီးမှ အမျိုးသမီးများကို လေ့ကျင့်ပေးရန် ပိုမိုစုဆောင်း စည်းရုံးနိုင် ခဲ့သည်။ ဥပမာ – ဒေသခံပြည်သူများထံမှ သတင်းဦးစွာရသော ဆေးမှူး၊ ပညာရှင်များ ရရှိလာသည်။ ထိုဒေသများအတွင်းတွင် လှုပ်ရှား ဆောင်ရွက်နေကြသော အမျိုးသမီးအဖွဲ့ အစည်းများ က စစ်တမ်း ကောက်ယူနိုင်လာသည့် အခြေအနေ တိုးတက်လာ သည်။ မြန်မာနိုင်ငံအတွင်း လှုပ်ရှားမှုနှင့် စီမံချက်များကို ဖြန့်ကျက်ရန်နည်းလမ်းများလည်း ရရှိလာစေ သည်။
- လုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများ၏ စွမ်းရည်ပိုမို မြင့်မားလာသည်။ အထူးသဖြင့် သတင်းအချက်အလက်များ စုဆောင်းသည့် စွမ်းရည်နှင့် ဆွေးနွေးစည်းဝေးပွဲများ စီစဉ်ပြုလုပ် သည့် စွမ်းရည်များ တိုးတက်လာသည်။
- ရပ်ရွာလူမှု အသိုင်းအဝိုင်းအတွင်းတွင် မည်သည့် အမျိုးသမီး အဖွဲ့များနှင့်မဆို မသက်ဆိုင်သော အမျိုးသမီးများ (အမျိုးသား များလည်း ပါဝင်သည်) အကြား၊ အမျိုးသမီး လူ့အခွင့်အရေး နှင့် အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိများ ပိုမိုတိုးပွားလာသည်။
- ရပ်ရွာ လူမှုအသိုင်းအဝိုင်းများမှ အမျိုးသမီးများအနေနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ပိုမိုသိလာပြီး လိင်မှု ဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရပ်များ၊ အပါအဝင် လူ့အခွင့်အရေး ကို ချိုးဖောက်နေသည့် အကြောင်းများကို ထုတ်ပြောရဲလာကြ သည်။ ခွဲခြားဆက်ဆံ ခံရမှုများကိုလည်း ပိုမို နားလည်လာသည်။
- မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများသည် စီဒေါ ကော်မီတီ သို့ စစ်အစိုးရက ပေးပို့သည့် အစီရင်ခံစာကို လွန်စွာ စိတ်ဝင် စားနေကြသည်။ ၎င်းတို့က ထိုအစီရင်ခံစာကို "မဟုတ်မမှန် အချက်အလက်များ" ဟု ခေါ်ပြီး အစီရင်ခံစာကို မြန်မာဘာသာ ဖြင့် ရရှိဖတ်ရှုလိုနေကြသည်။ ၎င်းတို့အနေ နှင့် လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေးနှင့် စီဒေါအကြောင်း ပိုမိုသိရှိလို နေကြသည်။

# နောက်ခံသမိုင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေါ် စစ်အစိုးရက စီဒေါ် နိုင်ငံတကာသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ စီဒေါ် ကော်မီတီသို့ အဦးဆုံးအစီရင်ခံစာကို ၁၉၉၉ ခုနှစ်တွင် တင်သွင်းခဲ့ပြီး၊ (၂၂) ကြိမ်မြောက် စီဒေါ် အစည်းအဝေး၌ ၎င်းကို စစ်ဆေးသုံးသပ်ခဲ့ရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ကို အမျိုးသားတဦးက ဦးဆောင်လာခဲ့သည်။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင် စီဒေါကော်မီတီသို့ စစ်အစိုးရက စာချုပ်အဖွဲ့ဝင်နိုင်ငံတခု၏ တာဝန်ရှိမှုနှင့် လက်မှတ်ရေးထိုးထားသည့်အညီ ဒုတိယ နှင့် တတိယ ပုံမှန် အစီရင်ခံစာ (၂၀၀၄ –၂၀၀၈) ကို ပေါင်း၍ ပေးပို့ခဲ့သည်။

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ IWRAW-AP နိုင်ငံတကာ အမျိုးသမီးအခွင့်အရေးများ လှုပ်ရှားမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့ (အာရှ–ပစိဖိတ်ဒေသ) က ကျင်းပသော မဟာဗျူဟာ လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲ တခုသို့ WLB ကိုယ်စားပြု တက်ရောက်သူများ စေလွှတ်ခဲ့သည်။ ထိုနည်းအားဖြင့် ၂၀၀၇ ခုနှစ်၊ နှစ်လယ်ပိုင်းမှစပြီး စီဒေါစင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။ စစ်အစိုးရက ၎င်း၏အစီရင်ခံစာကို ၂၀၀၈ ခုနှစ် စက်တင်ဘာလတွင် တင်သွင်းခဲ့ပြီးသည့်နောက် WLB က ရံပုံငွေများကို ရှာဖွေ၍ မြန်မာပြည်ရှိ အမျိုးသမီးများ ကိုယ်စား စင်ပြိုင်အစီရင်ခံစာ တင်သွင်းနိုင်ရေးအတွက် စီဒေါလုပ်ငန်းစဉ်ကို အစပျိုး ဆောင်ရွက်ခဲ့ကြသည်။

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ၌ တိကျသော လုပ်ငန်းအစီအစဉ်နှင့် အချိန်ဇယားကို ရေးဆွဲခဲ့ပြီး၊ မြန်မာနိုင်ငံ၏ နယ်စပ်များတလျှောက်မှ WLB အဖွဲ့ဝင် အဖွဲ့အစည်းများ၊ အဖွဲ့ဝင် မဖြစ်သေးသော အဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးပွဲများ လုပ်ဆောင်ခဲ့သည်။ အလုပ်အဖွဲ့တခုကို ဖွဲ့စည်းခဲ့ပြီး၊ ၎င်းကို "စီဒေါ် အလုပ်အဖွဲ့" ဟုခေါ်သည်။

လူမှုအသိုင်းအဝိုင်းကို အခြေပြု အဖွဲ့အစည်းများ ပိုမိုအင်အားကောင်းလာစေရေး လှုပ်ရှားမှုများဖြင့် အလုပ်အဖွဲ့သည် လုပ်ငန်းစဉ်တွင် အင်အားသစ်များ စုဆောင်းစည်းရုံးနိုင်ခဲ့ပြီး၊ မြန်မာနိုင်ငံမှ အမျိုးသမီးများကိုယ်စား စီဒေါစင်ပြိုင် အစီရင်ခံစာ ပေါ်ထွက်လာစေရေးအတွက် စူးစိုက်ဆောင်ရွက်ခဲ့ကြသည်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ၌ မြန်မာနိုင်ငံမှ အမျိုးသမီးများက စစ်အစိုးရ၏ အစီရင်ခံစာကို အခြားအမြင်ဖြင့် သုံးသပ်ထားသော **"စစ်အာဏာရှင်ကြီးစိုးမှု မှောင်ရိပ်"**ဟု အမည်ရ စင်ပြိုင်အစီရင်ခံစာတခုကို စီဒေါ် ကော်မီတီသို့ တင်သွင်းနိုင်ခဲ့သည်။ ၎င်းမှာ မြန်မာနယ်စပ် တလျှောက်ရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် အခြား လူထုအခြေပြု အဖွဲ့အစည်းများ၊ ကွန်ယက်များ၏ တိုင်ပင်ဆွေးနွေးပွဲများနှင့် အချက်အလက်စုဆောင်းမှုမှ ရရှိလာသော သတင်းအချက်အလက်များ ပါဝင်သည့် တစ်နှစ်စာ လုပ်ငန်းစဉ်မှ စုစည်းထားခဲ့သော ကြိုးပမ်းအားထုတ်မှု၏ ရလဒ်ပင် ဖြစ်သည်။ ထို့အပြင် WLB နှင့် ချိတ်ဆက် အလုပ်လုပ်သော IWRAW-AP နှင့် အခြားအလှူရှင်များ၏ အထောက်အပံ့ဖြင့် အဖွဲ့ဝင်နှင့် အဖွဲ့ဝင် မဖြစ်သေးသော အဖွဲ့အစည်းများမှ အမျိုးသမီးငယ် အများစုပါဝင်သော (၉) ဦး ကိုယ်စားလှယ် မြန်မာပြည်အမျိုးသမီးများကိုယ်စား စီဒေါစည်းရုံးလှုံ့ဆော်ရေး အဖွဲ့က၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပသည့် (၄၂) ကြိမ်မြောက် စီဒေါ် အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ပြီး၊ စီဒေါ် ကော်မီတီအား ထိရောက်စွာ ချဉ်းကပ်စည်းရုံးနိုင်ခဲ့သည်။

ရလဒ်မှာ မြန်မာပြည်မှ အမျိုးသမီးများ စည်းရုံးလှုံ့ဆော်ခဲ့သော အရေးကိစ္စများသည် ကော်မီတီ၏ မြန်မာနိုင်ငံဆိုင်ရာ နိဂုံးချုပ်သုံးသပ်လေ့လာချက်များထဲတွင် အဓိက အခန်းကဏ္ဍမှ နေ၍ ပါဝင်ခဲ့သည်။[၂]



အမျိုးသမီးအဖွဲ့များနှင့် ပထမဦးဆုံးအကြိမ် ကျင်းပသော ညှိနှိုင်းအစည်းအဝေး

# အပိုင်း (၁)။ လုပ်ငန်းစဉ်အတွက် အစီအစဉ် ချမှတ်ခြင်း (၂၀၀၈ ခုနှစ် ဇန္နဝါရီလ – မတ်လ)

"အစကောင်းမှ အနှောင်းသေချာ"ဟူသော မြန်မာစကားပုံနှင့် အညီ စီဒေါ အစီရင်ခံစာအတွက် လုပ်ငန်းစဉ်ကို စတင်ပြင်ဆင်ခြင်း၊ တင်ပြရမည့် စိတ်ကူးယူဆချက်များ ပြင်ဆင်ခြင်းဖြင့် ၂၀၀၈ ခုနှစ်ကို စတင်ခဲ့ပါသည်။ ဤသို့ လုပ်ဆောင်ရာတွင် အထူးသဖြင့် လွန်ခဲ့သော ဘေဂျင်းညီလာခံ ဆယ်နှစ်မြောက် လုပ်ငန်းစဉ် အတွေ့အကြုံ (Beijing Plus 10 Process) မှ ရရှိခဲ့သော သင်ခန်းစာများ အပေါ် အခြေခံ ဆောင်ရွက်ခဲ့သည်။ အမျိုးသမီးများ၏ ကွန်ယက်များ၊ အတွင်းရေးမှူးရုံးနှင့် ရေရှည် မိတ်ဆွေအဖြစ် လက်တွဲလုပ်ကိုင်ခဲ့သော IWRAW-AP တို့မှ မိတ်ဆွေများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ အကြံရယူခြင်းအားဖြင့် WLB က လုပ်ငန်းစဉ်အတွက် အသေးစိတ် လုပ်ဆောင်ရန် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်နိုင်ခဲ့သည်။

WLB သည် ၂၀၀၈ ခုနှစ် ဇန္နဝါရီလတွင် စီဒေါ ကော်မီတီ အတွက် ***စိုးရိမ်ဖွယ်ရာကိစ္စရပ်များနှင့် မေးခွန်းများစာရင်း***[၃] ရရှိရန် အမျိုးသမီး အဖွဲ့များအကြား တရက်ကြာ တိုင်ပင်ညှိနှိုင်းဆွေးနွေးပွဲ တခုကို ကျင်းပခဲ့ပါသည်။ ထို့နောက် စီဒေါ အခြေခံအကြောင်း သင်ကြားပြသပေးသည့် (၄) ရက်ကြာ[၄] အလုပ်ရုံ ဆွေးနွေးပွဲ တခုကို ကျင်းပခဲ့ရာ စီဒေါ၏ အခြေခံသဘောတရားများ၊ စီဒေါ စင်ပြိုင် အစီရင်ခံစာတွင် မည်သည့် သတင်းအချက်အလက်များ ထည့်သွင်းတင်ပြရမည်နှင့် သတင်းအချက်အလက်များကို မည်သို့စုဆောင်းမည် စသည်တို့ ဖြစ်ပါသည်။ အရေးကြီးဆုံးမှာ စီဒေါစင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ်တခုလုံးအတွက် တိကျသော လုပ်ငန်း အစီအစဉ်ရေးဆွဲ၍ အချိန်ကာလများကိုပါ သတ်မှတ်နိုင်ခဲ့ပါသည်။ ဦးတည်တင်ပြမည့် အရေးကိစ္စများ၊ ဥပဒေ ပုဒ်မများကိုလည်း ရွေးထုတ် ခွဲခြားနိုင်ခဲ့ပါသည်။

## လုပ်ငန်းဆောင်ရွက်ရန် အလုပ်ယန္တရား တခုတည်ဆောက်ခြင်း

တိုင်ပင်ညှိနှိုင်းဆွေးနွေးပွဲ သင်တန်းအပြီးတွင် စီဒေါ အလုပ်အဖွဲ့ကို မြန်မာပြည်နယ်စပ် တလျှောက်ရှိ အမျိုးသမီးအဖွဲ့များနှင့် အခြား လူထုအခြေပြု အဖွဲ့အစည်းများပါဝင်၍ လုပ်ငန်းစဉ်၏ အဆင့် အသီးသီး၌ ချောမွေ့စွာ ညှိနှိုင်း ဆောင်ရွက် ဆက်သွယ်နိုင်ရန် ဖွဲ့စည်းခဲ့ပါသည်။ ပါဝင်သော အဖွဲ့တဖွဲ့ချင်းစီမှ ၎င်းတို့၏ မိခင် အဖွဲ့အစည်းနှင့် စီဒေါအလုပ်အဖွဲ့ (အမာခံအဖွဲ့) အကြား ဆက်သွယ်ရေးအတွက် အဓိက ဆက်သွယ်တာဝန်ယူမည့်သူ တဦးကို တာဝန် ပေးသည်။[၅]

WLB သည် လုပ်ငန်းစဉ်အတွက် စီဒေါ၏ သတင်း၊ မှတ်တမ်းနှင့် သုတေသနဌာန (IDR)[6] မှ အသင်းဝင်များနှင့် အချိန်ပြည့် အလုပ်လုပ်ရန် ဝန်ထမ်း ၂ ဦး (အဓိက ဆက်သွယ်ရေး တာဝန်ခံ ၂ ဦး) ရွေးချယ်ခန့်ထားခဲ့သည်။ တဦးမှာ ကရင်အမျိုးသမီး အစည်းအရုံး (KWO) မှဖြစ်ပြီး ကျန်တဦးမှာ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ ဖြစ်ပါသည်။ ၎င်းတို့သည် WLB အတွင်းရေးမှူးရုံးတွင် ရုံးထိုင်ပြီး စီမံခန့်ခွဲရေးဝန်ထမ်းများအနေနှင့် သော်လည်းကောင်း၊ အလုပ်အဖွဲ့ဝင်များနှင့် အချိတ်အဆက်မိနေရန် အမျိုးသမီးအဖွဲ့အစည်း အသီးသီးနှင့် လူထုအခြေပြုအဖွဲ့အစည်းများအတွက် အဓိကဆက်သွယ်ရေး တာဝန်ခံများအနေနှင့်သော်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါသည်။ စီဒေါ အလုပ်အဖွဲ့၏ ခေါင်းဆောင်က လုပ်ငန်းစဉ်တခုလုံးအတွက် အထွေထွေ ဆက်သွယ်ရေး တာဝန်ခံအနေနှင့် ဆောင်ရွက်ပါသည်။

စီဒေါ အလုပ်အဖွဲ့၌ အမျိုးသမီး (၆) ဦးနှင့် ပါဝင် ဖွဲ့စည်းသည်။ ၎င်းတို့မှ လုပ်ငန်းဆောင်ရွက်ကြမည့် အဖွဲ့အစည်းများမှ ဆက်သွယ်ရေး တာဝန်ယူသည့် အမျိုးသမီး (၁၄) ဦးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပါသည်။ ဤဆက်သွယ်ရေးတာဝန်ယူသူများထဲတွင် ချင်းလဲန်း အမျိုးသမီးအဖွဲ့ချုပ် (WLC) မှ (၁) ဦးနှင့် မွန်အဖွဲ့အစည်းများမှ ပါဝင်ပါသည်။[၇]

စီဒေါ အလုပ်အဖွဲ့သည် စီဒေါလုပ်ငန်းစဉ်၌ အချိန်ပြည့် တာဝန်ယူရမည့် ဝန်ထမ်း ၂ ဦးအတွက် အလုပ်တာဝန် သတ်မှတ်ချက်များ ရေးဆွဲပြဌာန်းရန်နှင့် လုပ်ငန်းအစီအစဉ်များ၏ တာဝန်များကို ချောမွေ့စွာနှင့် အချိန်ကိုက် ပြီးစီးရန် အဖွဲ့တခုလုံးအတွက် ဆက်သွယ်ရေး




ကမ်ပိန်း လှုပ်ရှားမှု ညှိနှိုင်းဆောင်ရွက်ရေး အသင်း (CACT) နှင့် တိုင်ပင်ဆွေးနွေးပွဲ ကျင်းပစဉ်



မွန်အမျိုးသမီး အဖွဲ့များနှင့် ညှိနှိုင်းနေစဉ်

လမ်းကြောင်းများ ရေးဆွဲရာတွင် အတူတကွ လုပ်ဆောင်ခဲ့ကြပါသည်။ အလုပ်အဖွဲ့သည် စီဒေါ စင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ်ကာလအတွင်း လှုပ်ရှားမှုများ ပြုလုပ်မည့် အဖွဲ့အစည်းများအတွက် ရိုးရှင်းသော ငွေအဆိုပြုလွှာများနှင့် အစီရင်ခံစာ လမ်းညွှန်များကိုလည်း မူကြမ်းရေးဆွဲခဲ့ပါသည်။

စီဒေါ အလုပ်အဖွဲ့က စီဒေါဆိုင်ရာ အသိပညာတိုးမြှင့်ရေး လှုပ်ရှားမှုများ (အလုပ်ရုံဆွေးနွေးပွဲများ၊ တိုင်ပင်ဆွေးနွေးပွဲများနှင့် အချက်အလက်ကောက်ယူခြင်း) အပါအဝင် လှုပ်ရှားမှုများ ဆောင်ရွက်ကြမည့် အဖွဲ့အစည်းများထံမှ ငွေအဆိုပြုလွှာများကို ခေါ်ယူခဲ့ပါသည်။ အဖွဲ့အစည်း (၉) ဖွဲ့က ငွေအဆိုပြုလွှာများ (proposals) များ တင်သွင်းခဲ့ပြီး အဖွဲ့(၈) ဖွဲ့အား လှုပ်ရှားမှုများ ဆောင်ရွက်ရန် ထောက်ပံ့ပေးခဲ့ပါသည်။

ထိုကာလအတွင်း၌ သတင်း၊ မှတ်တမ်းနှင့် သုတေသနဌာန (IDR) မှ စာပေသုတေသနပြုလုပ်ခြင်းနှင့် အစီရင်ခံစာနှင့် ဆက်စပ်သော အချက်အလက်ဒေတာများ စုဆောင်းခြင်းတို့ ဆောင်ရွက်နေပြီး၊ အစီရင်ခံစာ အမှန်တကယ်ရေးသားမည့် အပိုင်းအတွက် ကူညီပေးနိုင်မည့် ကျွမ်းကျင်သူပုဂ္ဂိုလ်များကို ရွေးချယ်ရန်၊ လက်ရှိနှင့်ယခင် WLB သဘာပတိ အဖွဲ့ဝင်များ၊ ကွန်ယက် မိတ်ဆွေများနှင့် ပုံမှန်ဆက်သွယ်မှုများ ပြုလုပ်ခဲ့ပါသည်။

မတ်လမှစ၍ မြန်မာနိုင်ငံနယ်စပ် တလျှောက်ရှိအဖွဲ့အစည်းများက လုပ်ငန်းစဉ်ကို စတင် အကောင်အထည်ဖော်ခဲ့သည်။ အဖွဲ့အချို့က တွေ့ဆုံ မေးမြန်းခြင်းများနှင့် အပြန်အလှန် ဆွေးနွေးစည်းဝေးပွဲများ အပါအဝင် နည်းနာအမျိုးမျိုးဖြင့် စုဆောင်းထားသော ၎င်းတို့၏ အချက်အလက်များကို စတင်ပေးပို့လာခဲ့သည်။ စီဒေါ လုပ်ငန်းအဖွဲ့ဝင်များက အင်တာနက်မှတဆင့်၊ ရှိထားသော အစီရင်ခံစာများ၊ စာပေစာတမ်းများမှတဆင့် သုတေသန ပြုလုပ်ခဲ့ပါသည်။ ပေးပို့လာသော တိုင်းရင်းသားဘာသာဖြင့် သတင်းအချက်အလက်များအား အင်္ဂလိပ်ဘာသာ ပြန်ဆိုသည်။

## တိုင်ပင် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းများ

အမျိုးသမီး အဖွဲ့အစည်းများသည် စီဒေါ အလုပ်ရုံဆွေးနွေးပွဲများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းစည်းဝေးပွဲများကို မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားနယ်မြေများနှင့် တိုင်းဒေသများ အပါအဝင် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ရှိ မြန်မာနယ်စပ် ဒေသ အနည်းဆုံး (၁၀) ခုတွင် ပြုလုပ်ခဲ့ပါသည်။ နယ်မြေတခုစီ၌ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် တိုင်ပင်ဆွေးနွေးပွဲ (၁) ခုမှ (၄) ခု အထိ ပြုလုပ်ခဲ့ပြီး၊ ထိုလှုပ်ရှားမှု၌ အမျိုးသား၊ အမျိုးသမီး (၄၀၀) ခန့် ပါဝင်ခဲ့ပါသည်။ ပါဝင်သူ အမျိုးသမီးများတွင် အဖွဲ့အစည်းများ၊ သင်တန်းကျောင်းများ၊ စက်ရုံလုပ်သားများ၊ ကျန်းမာရေး လုပ်သားများ၊ ဆရာမများနှင့် ကျောင်းသူများ ပါဝင်ပါသည်။ ဘာသာရေး ခေါင်းဆောင်များ၊ ဒေသခံ ခေါင်းဆောင်များ၊ ကျောင်းသားများနှင့် ဒေသခံလူငယ်များ ပါဝင်သော အမျိုးသားများလည်း ဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြပါသည်။

ထိုအတောအတွင်းတွင် အတွင်းရေးမှူးရုံးခန်းတွင် ရုံးထိုင်သော စီဒေါ အလုပ်အဖွဲ့ (အမာခံအဖွဲ့) သည် ကမ်ပိန်းလှုပ်ရှားမှု ညှိနှိုင်းဆောင်ရွက်ရေးအသင်း (CACT) မှ[၈] တဆင့် မြန်မာ့ လူထုအခြေပြု အဖွဲ့အစည်း အုပ်စုများ၊ ကွန်ယက်များအကြားတွင် ဆွေးနွေးတိုင်ပင်သည့် စည်းဝေးပွဲများ ကျင်းပပြီး၊ လက်ရှိ အမျိုးသမီးအဖွဲ့များနှင့် ကွန်ယက်ဆွေးနွေးပွဲများတွင် စီဒေါဆိုင်ရာ တင်ပြမှုများ ပြုလုပ်ခဲ့ပါသည်။ အဓိကရည်မှန်းချက်မှာ စီဒေါ စာချုပ်အကြောင်းနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ စီဒေါ လုပ်ငန်းစဉ်အကြောင်း အသိပညာ တိုးမြှင့်ရန်၊ ဇန္နဝါရီလ အလုပ်ရုံဆွေးနွေးပွဲမှ ရွေးထုတ်ထားသော အကြောင်းကိစ္စများဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူရန်နှင့် အနာဂတ်တွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့်သူများ ရှာဖွေရန်တို့ ဖြစ်ပါသည်။



## (က) လူထုအခြေပြု အဖွဲ့အစည်းများ၊ ကွန်ယက်များ

**(၁) ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။** ကမ်ပိန်း လှုပ်ရှားမှု ညှိနှိုင်းဆောင်ရွက်ရေးအသင်း (CACT) မှ လူ (၁၅) ဦးပါဝင် တက်ရောက်ခဲ့ပြီး ဆွေးနွေးသည့် အကြောင်းရပ်များတွင် စီဒေါဆိုင်ရာ အချက်အလက်သတင်းများ၊ စင်ပြိုင်အစီရင်ခံစာ ရေးသားခြင်း လုပ်ငန်းစဉ်နှင့် CACT က စီဒေါ စင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ်တွင် ပူးပေါင်း ပါဝင်ကူညီနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။

**(၂) ၂၀၀၈ ခုနှစ်၊ မတ်လ ၁၄ ရက်။** မွန်အဖွဲ့များနှင့် ဆောင်ရွက်ခြင်း။

အလုပ်ရုံဆွေးနွေးပွဲကို အဖွဲ့ခေါင်းဆောင်နှင့် စီဒေါ အလုပ်အဖွဲ့၏ ဆက်သွယ်ရေးတာဝန်ခံပုဂ္ဂိုလ်တို့က စီစဉ်ဆောင်ရွက် ခဲ့သည်။ မွန်အမျိုးသမီးအဖွဲ့၊ တိုးတက်သော မွန်လူငယ်များအဖွဲ့၊ မွန်ဒေသ လူ့အခွင့်အရေးအဖွဲ့၏ အမျိုးသမီးနှင့် ကလေးငယ် အခွင့်အရေး စီမံချက်နှင့် မွန်အမျိုးသား ကျန်းမာရေး ကော်မီတီတို့ အပါအဝင် နယ်စပ်ဒေသတွင် အခြေခံသော မွန်အဖွဲ့များမှ (၁၁) ဦး ပါဝင် တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးသည့်အချက်များတွင် စီဒေါ ဥပဒေပုဒ်မများနှင့် အစီရင်ခံစာ လုပ်ငန်းစဉ်အကြောင်းများ ပါဝင်ပြီး အစီရင်ခံစာအတွက် သတင်းအချက်အလက် ကူညီစုဆောင်းပေးရေးအပေါ် ဦးတည်ခဲ့သည်။ ဆွေးနွေးပွဲ သင်တန်းရလဒ် အနေဖြင့် မွန်ဒေသတွင် WLB နှင့် ပူးပေါင်းဆောင်ရွက်၍ စီဒေါ အသိပညာ တိုးမြှင့်ရေးနှင့် သတင်းအချက်အလက်စုဆောင်းရေးအတွက် လှုပ်ရှားမှု အစီအစဉ်တခုနှင့် စီဒေါစင်ပြိုင်အစီရင်ခံစာအတွက် သက်ဆိုင်သော အချက်အလက်များကို ပေးရေးအတွက် စီစဉ်နိုင်ခဲ့သည်။

## (ခ) အခြားသော စည်းရုံးရေးနှင့် အင်အားစုဆောင်းရေး ဆွေးနွေးပွဲ သင်တန်းများ

**(၁) ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်။ အင်ဒိုနီးရှား လွှတ်တော်အမတ်နှင့် စီဒေါ အလုပ်ရုံဆွေးနွေးပွဲ**

တနေ့တာ စီဒေါအလုပ်ရုံဆွေးနွေးပွဲကို နာမည်ထင်ရှားသူ တဦးဖြစ်သော အင်ဒိုနီးရှား အမျိုးသမီး ပါလီမန်အမတ် မစ္စ နာစယာဘန်နီ ကတ်ဂျာဆန်ကာနာ့ (Mrs. Nursyahbani Katjasungkana) က ဦးဆောင်ဆွေးနွေးခဲ့သည်။ ၎င်းအစည်းအဝေးသို့ ၂၂ ဦး တက်ရောက်ခဲ့ပြီး WLB အဖွဲ့ဝင် အဖွဲ့အစည်းများမှ အမျိုးသမီးများ အပါအဝင်၊ မဟာမိတ် အဖွဲ့အစည်းများဖြစ်ကြသည့် လူ့အခွင့်အရေး ပညာပေးရေး ဌာန (မြန်မာနိုင်ငံ) (HREIB)၊ တိုင်းရင်းသား လူမျိုးစုလူငယ်များဆုံရပ် (NY Forum) စသည့် အဖွဲ့များမှ အဖွဲ့ဝင်များ ပါဝင်ခဲ့သည်။ ထိုဆွေးနွေးပွဲ သင်တန်း၏ ရည်ရွယ်ချက်မှာ စီဒေါ စာချုပ်အကြောင်း၊ စင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ်အကြောင်း၊ အထူးသဖြင့် အင်ဒိုနီးရှား အတွေ့အကြုံကို ပိုမိုလေ့လာ သိရှိနိုင်ရန် ဖြစ်သည်။ ၎င်းက နိုင်ငံတကာအကြား အသိပေးစည်းရုံးခြင်း ကဲ့သို့သော အမျိုးသားရေး ကမ်ပိန်းအတွက် စီဒေါကို စင်မြင့်တခုအနေနှင့် မည်သို့ အသုံးပြုရမည်ကို မျှဝေပြောကြားသွားသည်။ စီဒေါ၊ မြန်မာနိုင်ငံ အတွေ့အကြုံနှင့် မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ ဘဝအခြေအနေများနှင့် ပတ်သက်ပြီး၊ အင်ဒိုနီးရှား၌ တက်ကြွစွာ ဆွေးနွေးမှုများ ရှိခဲ့သည်။

(၂) ၂၀၀၈ ခုနှစ် မတ်လ ၉ ရက်နေ့။ ၇ ကြိမ်မြောက် နှစ်စဉ် အမျိုးသမီးများ နိုးနှောဖလှယ်ပွဲ တက်ရောက်သူများ နှင့် WLB တွေ့ဆုံပွဲ အစည်းအဝေး၌ အမျိုးသမီး (၈၃) ဦး ပါဝင်တက်ရောက်ခဲ့သည်။ WLB အဖွဲ့၏ နောက်ဆုံး အခြေအနေ၊ WLB လုပ်ငန်းစဉ်များ အောက်မှ လှုပ်ရှားမှုများနှင့် ၂၀၀၈ ခုနှစ်အတွက် ရာထားသော လုပ်ငန်း လှုပ်ရှားမှုများကို ဆွေးနွေးခဲ့သည်။ အဖွဲ့ချုပ်အနေနှင့် စီဒေါ စင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ်အပေါ် ဆွေးနွေးစီစဉ် တင်ပြမှုတခု ပြုလုပ်ခဲ့သည်။ စစ်အစိုးရ၏ အစီရင်ခံစာနှင့် မိမိတို့၏ စီဒေါ စင်ပြိုင်အစီရင်ခံစာတို့အကြောင်း ဆွေးနွေးကြသည့်အခါ ဆွေးနွေးပွဲ တက်ရောက်သူများ က လုပ်ငန်းစဉ်ကို စိတ်ဝင်စားကြပြီး စီဒေါ အကြောင်းကို ပိုမိုသိရှိလိုကြကြောင်း တွေ့ရှိရသည်။

(၃) ဖေဖေါ်ဝါရီလ ၁၄–၁၅ ရက်၊ ၂၀၀၈ ခုနှစ်။ မြန်မာ့ ကယ်ဆယ်ရေး ဌာန (Burma Relief Center) က ကျင်းပခဲ့သည့် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Advocacy workshop)

စီဒေါ လုပ်ငန်းစဉ်၏ အလုပ်အဖွဲ့ခေါင်းဆောင်နှင့် WLB ၏ တွဲဖက်အထွေထွေအတွင်းရေးမှူး–၁ တို့မှ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်





ကြပြီး အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ် (၁၁) ဦး တက်ရောက်ခဲ့သည်။ ဤအလုပ်ရုံဆွေးနွေးပွဲတွင် WLB က စီဒေါ စင်ပြိုင်အစီရင်ခံစာနှင့် ပတ်သက်၍ တင်ပြရန် အခွင့်အရေး ရရှိခဲ့သည်။ တက်ရောက်လာသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည်။

## အပိုင်း (၂) စီဒေါ စင်ပြိုင် အစီရင်ခံစာ၏ ပထမမူကြမ်း ပြင်ဆင်ခြင်း (၂၀၀၈ ခုနှစ် ဧပြီလ – ဇွန်လ)

အမျိုးသမီးအဖွဲ့ (၁၀) ဖွဲ့က အစီရင်ခံစာအတွက် ဒေသအသီးသီးရှိ အမျိုးသမီးများနှင့် တဦးချင်း တွေ့ဆုံမေးမြန်းမှု (၁၃၃) ခုနှင့် အချက်အလက် စုဆောင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ၎င်းသည် ပထမမူကြမ်းရေးဆွဲရန် အောက်ခြေမှ ချိန်ကိုက် သတင်းအချက်အလက်များ စုဆောင်းရေးနှင့် အချက်အလက်များကို စစ်ဆေးသုံးသပ်ရေးအတွက် အလွန်အရေးပါသည့် အချိန်[၉] ဟုဆိုရပေမည်။ အောက်ခြေမှ သတင်းအချက်အလက်များမှာ ဧပြီလ အတွင်း ဝင်လာသည်။ အမှန်တကယ်ရေးသားရန် နည်းပညာ အထောက်အကူပေးမည့် ကျွမ်းကျင်သူပုဂ္ဂိုလ်များ လိုအပ်နေဆဲ ဖြစ်သည်။ ကန့်သတ်အချိန် ကာလဘောင်အတွင်း၌ အလုပ်အဖွဲ့သည် ၎င်း၏ ကိုယ်ပိုင် ကျွမ်းကျင်သူများကို စုပေါင်းပါဝင်၍ အောက်ပါ လုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပါသည်။

### (က) သတင်းနှင့် အချက်အလက် သုံးသပ်စိတ်ဖြာမှု ဆက်လက်ဆောင်ရွက်ချက်

စီဒေါ အလုပ်အဖွဲ့သည် အချက်အလက်ရရှိရန် အဖွဲ့အစည်းတခုစီမှ ဆက်သွယ်ရေးတာဝန်ခံများနှင့် ဆက်လက် ဆောင်ရွက်သည်။ သတင်းအချက်အလက် ရရှိပြီးနောက် ဖြစ်ရပ်များကို စိစစ်လေ့လာပြီး ခေါင်းစဉ်အလိုက်အခန်းကဏ္ဍများအောက် ထည့်သွင်းသည်။ ပိုမို အသေးစိတ် အချက်အလက် များနှင့် ပိုမိုရှင်းလင်းရန် လိုသော အချို့ဖြစ်ရပ်များအား ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

### (ခ) ဘာသာပြန်ခြင်းနှင့် သုတေသနပြုခြင်း

စီဒေါ အလုပ်အဖွဲ့သည် သက်ဆိုင်ရာကဏ္ဍများ အောက်သို့ အချက်အလက်များသွင်းပြီး အချက်အလက် အများစုမှာ မြန်မာဘာသာဖြစ်နေ၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်။ ထို့နောက် အဖွဲ့ဝင် တဦးက ဘာသာစကားကို ပြန်လည် စိစစ်သည်။ အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတွင်းရှိ မတူညီသော အခြေအနေ အရပ်ရပ်မှ အမျိုးသမီးများ၏ သတင်းများနှင့် အစီရင်ခံစာအတွက် အခြားလိုအပ်သည့် သတင်းအချက်အလက်များကို ရရှိရန် ဆက်လက်၍ ပိုမို သုတေသန ပြုလုပ်ခဲ့ကြပါသည်။

### (ဂ) ပထမ မူကြမ်းရေးဆွဲခြင်း

မေလကုန်ပိုင်းမှ ဇွန်လလယ်ခန့်တွင်း စီဒေါ လုပ်ငန်းစဉ် အလုပ်အဖွဲ့ခေါင်းဆောင်မှ ပထမ မူကြမ်းကို အပြီးရေးသားပြုစုခဲ့သည်။[၁၀] အဓိက အလေးပေးဖော်ပြခဲ့သည့် ကိစ္စရပ် ပြဿနာများမှာ ပုဒ်မ (၆) လူကုန်ကူးခြင်း၊ ပုဒ်မ (၁၀) ပညာရေး၊ ပုဒ်မ (၁၂) ကျန်းမာရေး၊ ပုဒ်မ (၁၄) ကျေးလက်ဖွံ့ဖြိုးရေးနှင့် အထွေထွေ အကြံပြုချက် အမှတ် (၁၉) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတို့ ဖြစ်သည်။ ကျွမ်းကျင်သူ ပညာရှင် အမျိုးသမီးတဦးအား ပုဒ်မ (၁) မှ (၅) အထိ မူကြမ်းရေးရန် ကမ်းလှမ်း တာဝန် ပေးအပ်ခဲ့ပါသည်။

***စီဒေါ အစည်းအဝေးကျင်းပပုံနှင့် နိုင်ငံအလိုက် ပြန်လည်သုံးသပ်ခြင်းတို့နှင့် ပတ်သက်၍ ကြိုတင်ရှင်းပြခြင်း။***

စီဒေါ စင်ပြိုင်အစီရင်ခံစာလုပ်ငန်းစဉ် အဖွဲ့ခေါင်းဆောင်နှင့် စီဒေါ လက်ထောက်ဆက်သွယ်ရေး တာဝန်ခံတို့မှ **“ကမ္ဘာလုံးဆိုင်ရာ အဆင့် မှ ဒေသတွင်းသို့ ” (From Global to Local)** အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပါသည်။ ၎င်းကို ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ဇူလိုင်လ ၅ ရက်နေ့အထိ နယူးယောက်မြို့တွင် ကျင်းပခဲ့ပြီး၊ စီဒေါ အစည်းအဝေး ကျင်းပပုံနှင့် ပတ်သက်၍ ကြိုတင်လေ့လာသည့် ဆွေးနွေးပွဲ ဖြစ်ပါသည်။ ဤအလုပ်ရုံ ဆွေးနွေးပွဲ



ပြီးသည့်အခါ ကုလသမဂ္ဂဌာနချုပ်ရုံး၌ စီဒေါကော်မီတီ၏ နိုင်ငံအလိုက် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးသို့ တက်ရောက် လေ့လာခဲ့ကြ ပါသည်။ ဤအလုပ်ရုံ ဆွေးနွေးပွဲကို IWRAW- Asia Pacific က ကျင်းပခြင်းဖြစ်ပြီး၊ နယူးယောက်မြို့ရှိ UNIFEM နှင့် NORAD အဖွဲ့တို့က ထောက်ပံ့ပေးပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲတွင် ကုလသမဂ္ဂ၏ အလုပ်လုပ်ပုံစနစ်၊ အထူးသဖြင့် စီဒေါစာချုပ်နှင့် ကော်မီတီ၏ လုပ်ငန်းများ၊ စီဒေါ အစည်းအဝေးတွင် အဲန်ဂျီအိုများ၏ အခန်းကဏ္ဍ၊ ကော်မီတီ အဖွဲ့ဝင်များကို မည်သို့ ချဉ်းကပ်စည်းရုံး နိုင်မည် စသည်တို့ကို ဆွေးနွေးပြခြင်း ဖြစ်ပါသည်။ ၃-ရက်ကြာ ဆွေးနွေးပြီး နောက်ပိုင်းတွင် စီဒေါ ကော်မီတီ၏ (၄၁) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ပါသည်။ နိုင်ငံတခုချင်းစီကို မည်သို့ ဆန်းစစ်အကဲဖြတ်ကြသည်ကို လေ့လာနိုင်ခဲ့ပါသည်။ ဤအတွေ့အကြုံမှာ ၂၀၀၈ ခုနှစ် စီဒေါကော်မတီမှ မြန်မာနိုင်ငံအား ပြန်လည် သုံးသပ်သော စည်းဝေးပွဲအတွက် WLB ၏ ရှေ့လုပ်ငန်းစဉ်ဗျူဟာ များ ချမှတ်ရာတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။

## အပိုင်း (၃) အစီရင်ခံစာ မူကြမ်းအပေါ် အကြံဉာဏ်များရယူခြင်းနှင့် အချောသတ်အစီရင်ခံစာ ပြင်ဆင်ခြင်း (၂၀၀၈ ခုနှစ် ဇူလိုင် – စက်တင်ဘာလ)

၎င်းအချိန်ကာလအတွင်း အလုပ်အဖွဲ့အနေဖြင့် အချိန် ကန့်သတ်မှု များစွာအောက်၌ လုပ်ခဲ့ရသည်။ အလုပ်အဖွဲ့ဝင်များသည် စီဒေါ စင်ပြိုင် အစီရင်ခံစာ မူကြမ်းကို IWRAW-AP မှတဆင့် စီဒေါ ကော်မီတီသို့ ပေးပို့ရန် ပြင်ဆင်မှုအနေနှင့် အမျိုးသမီး အဖွဲ့အစည်း များနှင့်လည်း နောက်ဆုံး တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြရသည်။ ထို့အပြင် စီဒေါကော်မီတီတွင် စည်းရုံးလှုံ့ဆော်ရေးအတွက် အသုံး ဝင်မည့် အချက်အလက်များကိုလည်း ပြင်ဆင်ခဲ့ကြ ရသည်။

ဇူလိုင်လမှစ၍အလုပ်အဖွဲ့သည် စီဒေါ စင်ပြိုင်အစီရင်ခံစာ မူကြမ်း အပေါ် ဆွေးနွေးတိုင်ပင်သည့် ညှိနှိုင်းဆွေးနွေးပွဲအတွက် ပြင်ဆင်ခဲ့ သည်။ လုပ်ငန်းဆောင်တာများမှာ WLB ၏အဖွဲ့ဝင်နှင့် အဖွဲ့ဝင် မဖြစ်သေးသော အဖွဲ့အစည်းများသို့ ဖိတ်ကြားစာပို့ခြင်း၊ အဖွဲ့ အစည်းတဖွဲ့ချင်းစီမှ ဆွေးနွေးပွဲသို့ တက်ရောက်မည့်သူများအတွက် ပို့ဆောင်ရေးအပါအဝင် လိုအပ်သည်များ ထောက်ပံ့ပြင်ဆင်မှုများကို လုပ်ဆောင်ပေးခဲ့ကြသည်။

### (က) ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၃ မှ ၁၇ ရက်။ စီဒေါစင်ပြိုင်အစီရင်ခံစာ အတွက် တိုင်ပင်ညှိနှိုင်း ဆွေးနွေးပွဲ [၁၁]

တက်ရောက်သူများမှာ အဖွဲ့အစည်းတခုစီမှ ဆက်သွယ်ရေး တာဝန်ခံ များအပြင်၊ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)၊ ကချင်အမျိုးသမီးများ အစည်းအရုံး - ထိုင်းနိုင်ငံ (KWAT)၊ ကရင် အမျိုးသမီးအစည်း အရုံး (KWO)၊ ကရင်နီ အမျိုးသမီး အစည်းအရုံး (KNWO)၊ ကူကီးအမျိုးသမီး လူ့အခွင့်အရေးအစည်းအရုံး (KWHRO)၊ ရှမ်း အမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN)၊ ရခိုင်အမျိုးသမီး အစည်းအရုံး (RWU)၊ ပလောင်အမျိုးသမီး အဖွဲ့ အစည်း (PWO)၊ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) တို့မှ WLB သဘာပတိအဖွဲ့ဝင်များ၊ WLB ၏ ကွန်ယက် အဖွဲ့အစည်း တခု ဖြစ်သည့် ချင်းလဲန်း အမျိုးသမီးများအဖွဲ့ချုပ် (WLC) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တိုင်ပင်ညှိနှိုင်းဆွေးနွေးပွဲ၌ အပိုင်း (၂) ပိုင်း ပါဝင်ရာ ပထမပိုင်း မှာ အဖွဲ့များအကြား စီဒေါ စင်ပြိုင်အစီရင်ခံစာ၏ ပထမ မူကြမ်း အပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဤတိုင်ပင်ညှိနှိုင်းဆွေးနွေးပွဲသည် WLB မှ ကမကထပြု စီစဉ် ဆောင်ရွက်သော စီဒေါအစီရင်ခံစာ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သတင်းအချက်အလက် ဝေမျှရန်၊ စီဒေါ ကော်မီတီ သို့ တင်သွင်းမည့် စင်ပြိုင်အစီရင်ခံစာတွင် ပါဝင်သည့် အကြောင်းအချက်များနှင့် အကြံပြုချက်များအပေါ် အများဆန္ဒ သဘောထားများရရှိစေရန် တို့အပြင်၊ စီဒေါ ကော်မီတီသို့ သွားရောက် တင်သွင်းချိန်ထိ အသေးစိတ် လုပ်ငန်းများနှင့် အချိန်ဇယားတခု ပေါ်ထွက်လာစေရန်တို့ ဖြစ်ပါသည်။

စီဒေါကော်မီတီသို့ တင်သွင်းမည့် အစီရင်ခံစာနှင့် အကြံပြုချက်များအပေါ် စုစည်းဆွေးနွေးကာ အများဆန္ဒ သဘောတူမှုရလာစေရန် သာမက စီဒေါ စင်ပြိုင် အစီရင်ခံစာအတွက် လိုအပ်သော သတင်းအချက်အလက်များကို အဖွဲ့များ အားလုံးမှ ပါဝင် ဖြည့်စွက်ရန် အခွင့်အလမ်းကို ဤဆွေးနွေးပွဲက ပေးခဲ့ပါသည်။ တက်ရောက်သူများကလည်း အစီရင်ခံစာနှင့် အကြံပြုချက်များတွင် သတင်းအချက်အလက်များ ပိုမိုထည့်သွင်းခွင့် ရရှိခဲ့သည်။ အသေးစိတ်လုပ်ငန်းအစီအစဉ်ကို ဩဂုတ်လလယ်မှ စီဒေါ ကော်မီတီ၏ (၄၂) ကြိမ်မြောက် စည်းဝေးပွဲ၌ မြန်မာနိုင်ငံ၏ အစီရင်ခံစာအပေါ် ဆန်းစစ်သုံးသပ်ချက် ထွက်ပေါ်လာသည့် အချိန်တိုင်အောင် ရေးဆွဲနိုင်ခဲ့သည်။

ဤဆွေးနွေးပွဲ၏ ဒုတိယပိုင်းမှာ အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် နာမည်ကြီး ရှေ့နေတဦးဖြစ်သော ဒေါက်တာ ဆိုင်ဆူရီ ချူတီကူးလ် (Ajarn Saisuree Chutikul) နှင့် ဆွေးနွေးပွဲဖြစ်သည်။ ပထမနေ့တွင် WLB ၏ ကွန်ယက်အဖွဲ့ အစည်းများဖြစ်သည့် လူမျိုးစုလူငယ်များ ဆုံရပ် နှင့် လူ့အခွင့် အရေးပညာပေးဌာန (မြန်မာနိုင်ငံ) တို့ အပါအဝင် (၄၃) ဦး တက်ရောက်ခဲ့သည်။ ဒုတိယနေ့တွင် ဒေါက်တာ ဆိုင်ဆူရီ က လုပ်ငန်းစဉ်အပေါ် ဖြည့်စွက်အကြံပြုချက်များပေးခဲ့သည်။ အောက်ဖော်ပြပါတို့မှာ တက်ရောက်ဆွေးနွေးသူများ၏ အဓိကဖြည့်စွက် အကြံပြုချက်များဖြစ်သည်။

- လုပ်ငန်းစဉ်သည် အဖွဲ့ အင်အားစု အားလုံး ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ် ဖြစ်သည်။
- အဖွဲ့ဝင်ဖြစ်သည် ဖြစ်စေ၊ အဖွဲ့ဝင်မဟုတ်သည်ဖြစ်စေ မတူညီသော အဖွဲ့အစည်းများ တွဲဖက် လုပ်ကိုင်ခွင့်ရခဲ့သည်။
- အစီရင်ခံစာသည် မတူညီသော တိုင်းရင်းသား ပြည်နယ်များနှင့် တိုင်းဒေသများမှ သတင်းအချက် အလက်များ အားလုံး ပါဝင်နိုင်ခဲ့၍ ကျေနပ်မှု ရကြသည်။
- တိုင်ပင်ညှိနှိုင်း ဆွေးနွေးပွဲများမှတဆင့် အမျိုးသမီးများသည် အရေးကိစ္စများနှင့် အကြံပြုချက်များကို အများဆန္ဒ ဖြင့် ရွေးထုတ်ခြင်းကို လုပ်ငန်းစဉ် တခုလုံးတွင် ရရှိနိုင်ခဲ့သည်။
- ဤလုပ်ငန်းစဉ်သည် အောက်ခြေမှ အထက်သို့ တက်သည့် လှုပ်ရှား လုပ်ငန်းစဉ်ဖြစ်သည်။ (bottom-up)
- WLB က အခြားအမျိုးသမီးများကိုယ်စား အမျိုးသမီးများအတွက် အရေးကိစ္စအမျိုးမျိုးကို ဆောင်ရွက်ပေးနိုင်ခဲ့၍ အမျိုးသမီးများက ဂုဏ်ယူကြသည်။
- အမျိုးသမီးအဖွဲ့အစည်းများအကြား၊ ကွန်ယက်အဖွဲ့များ၊ လူမှုအသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများအကြား ပိုမိုနီးစပ်ပေါင်းစည်းသော ကွန်ယက်များ ဖြစ်လာသည်။
- အရေးကိစ္စများ ဖလှယ်ခြင်းများ၊ ဆွေးနွေးတိုင်ပင်မှုများမှတဆင့် တူညီသော ဘုံရပ်တည်ချက်တခုနှင့် အမြင်များကောင်းစွာ ဖလှယ်နိုင်ခြင်းဟူသည့် အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။

## (ခ) စီဒေါ စင်ပြိုင်အစီရင်ခံစာ အချောသတ်အတွက် ပြင်ဆင်ခြင်း

### (၁) စင်ပြိုင်အစီရင်ခံစာ မူကြမ်းရေးခြင်း

ဩဂုတ် (၁၃–၁၇) ရက် တိုင်ပင်ညှိနှိုင်းဆွေးနွေးပွဲမှ သတင်းအချက်အလက်၊ အကြံပြုချက်များ၊ ကာလကြာ လက်တွဲခဲ့သော ကွန်ယက်မိတ်ဆွေများ၏ နည်းပညာဆိုင်ရာ ပံ့ပိုးမှုများနှင့်အတူ ဒုတိယမူကြမ်းကို အဆုံးသတ်ပြီး၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် IWRAW-AP (နိုင်ငံတကာ အမျိုးသမီး အခွင့်အရေးလှုပ်ရှားမှုစောင့်ကြည့်အဖွဲ့၊ အာရှ–ပစိဖိတ်ဒေသ) သို့ တင်သွင်းနိုင်ခဲ့သည်။ အစီရင်ခံစာကို IWRAW-AP ၏ ဝေဖန်အကြံပြုချက်များအပေါ် အခြေခံ၍ စက်တင်ဘာလ (၁၀ – ၁၄) ရက်နေ့အတွင်း အပြီးသတ်ခဲ့သည်။ နောက်ဆုံး မူကြမ်းကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်တွင် IWRAW-AP မှတဆင့် စီဒေါ ကော်မီတီသို့ တင်သွင်းနိုင်ခဲ့သည်။

### (၂) မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်များ မူကြမ်းပြုစုခြင်း။

စက်တင်ဘာလ (၂၀–၂၇) ရက်နေ့။

၎င်းအချက်အလက်များကို (၄၂) ကြိမ်မြောက် စီဒေါ အစည်းအဝေး၌ စီဒေါ ကော်မီတီအဖွဲ့ဝင်များအား အနီးကပ်စည်းရုံးသည့် အချိန်တွင် အထူး အသုံးပြုနိုင်ခဲ့သည်။

### (၃) နောက်ဆုံးတည်းဖြတ်ပြီးသော စီဒေါ် စင်ပြိုင် အစီရင်ခံစာကို မြန်မာဘာသာပြန်ဆိုခြင်း

စီဒေါ် စင်ပြိုင်အစီရင်ခံစာ နောက်ဆုံးအချောသတ်ကို မြန်မာဘာသာ ပြန်ဆိုပြီး၊ ပုံနှိပ် မူကြမ်းကို စိစစ်ပြင်ဆင် တည်းဖြတ်ရန် WLB ၏ အကြီးတန်း အဖွဲ့ဝင်တဦးထံ ပေးပို့ခဲ့သည်။

### (၄) ဂျီနီဗာတွင် ကျင်းပမည့်စီဒေါ်ကော်မီတီ၏ ၄၂ ကြိမ်မြောက် အစည်းအဝေးအတွက်ပြင်ဆင်ခြင်း

- ဂျီနီဗာ၌ IWRAW-AP နှင့် WILPF တို့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ရန် ဂျီနီဗာသို့သွားမည့် စည်းရုံးရေး ခရီးစဉ်အတွက် ဆွစ်ဇာလန်နိုင်ငံသွား ဗီဇာလျှောက်ရန် နှင့် လေယာဉ်လက်မှတ်အပါအဝင် ခရီးသွားလာရေး ကိစ္စများ ဆောင်ရွက်ခြင်း။
- ကိုယ်စားလှယ်များ တင်သွင်းမည့် စာတမ်းများ ပြင်ဆင်ခြင်း။

## အပိုင်း (၄) စီဒေါ် အစည်းအဝေးအတွက် လှုပ်ရှားမှုများ (စက်တင်ဘာလ– နိုဝင်ဘာလ ၃ ရက်နေ့)

### (က) စည်းရုံးရေးခရီးစဉ်မတိုင်မီကာလ

**စက်တင်ဘာလ**

- ပုံမှန်ပြုလုပ်သော စီဒေါ် လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများ
- IWRAW မှ ဝေဖန်အကြံပြုချက်များအပေါ် အခြေခံ၍ စင်ပြိုင် အစီရင်ခံစာကို အပြီးသတ်ခြင်း။
- စီဒေါ် ထုတ်ဝေဖြန့်ချိရေးကို အင်္ဂလိပ် – မြန်မာ နှစ်ဘာသာ ဖြင့် ဖြန့်ချီရန် ပြင်ဆင်ခြင်း။
- ခရီးစဉ်နှင့် ခရီးသွားလာရေး (ဗီဇာ၊ လေယာဉ် လက်မှတ် စသည်)ကိစ္စများ အားလုံးအတွက် အပြီးသတ် ပြင်ဆင်ခြင်း။

**အောက်တိုဘာလ**

- ခရီးစဉ်အတွက် လိုအပ်သော အထောက်အကူများ အားလုံး အပြီးသတ်ခြင်း။
- စီဒေါ် စင်ပြိုင်အစီရင်ခံစာ ထုတ်ဝေဖြန့်ချိခြင်း (စီဒီ E-book အပါအဝင် စာအုပ်အဖြစ်ပုံနှိပ်ခြင်းများ ပါဝင်သည်။)
- ဂျီနီဗာသို့ယူဆောင်သွားရန် စီဒေါ် ထုတ်ဝေမှုများ အပါအဝင် ပစ္စည်းများ ပြင်ဆင်ခြင်း။
- မြန်မာနိုင်ငံ အမျိုးသမီးများကိုယ်စားလှယ်အဖွဲ့၏ စီဒေါ် အနီးကပ်စည်းရုံးလှုံ့ဆော်ရေး စာတမ်းငယ် ပြင်ဆင်ခြင်း။[၁၂]
- ထိုင်းနိုင်ငံ၌ အစီရင်ခံစာ ထုတ်ခြင်းအခန်းအနား အတွက် စီစဉ်ခြင်းနှင့် မီဒီယာနည်းဗျူဟာများပြင်ဆင်ခြင်း။
- သတင်းထုတ်ပြန်ချက် အကြမ်းပြင်ဆင်ခြင်း။
- စီဒေါ်ကော်မီတီနှင့် NGO အစည်းအဝေးတွင် ကိုယ်စားလှယ် အဖွဲ့ ဖတ်ကြားမည့် ထုတ်ပြန်တင်ပြချက် မူကြမ်းရေးခြင်း။
- ခရီးစဉ်မစမီ ကိုယ်စားလှယ်အဖွဲ့ဝင်များအကြား ၃ ရက်ကြာ အသေးစိတ်ညှိနှိုင်းသည့် ဆွေးနွေးပွဲငယ် ပြုလုပ်ခြင်း။

### (ခ) ဂျီနီဗာ စည်းရုံးရေး ခရီးစဉ်ကာလ (၂၀၀၈ ခုနှစ် အောက်တိုဘာလ ၂၄ – နိုဝင်ဘာလ ၄ ရက်နေ့)

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်မှ နိုဝင်ဘာလ ၃ ရက်နေ့ အထိ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ကိုယ်စားလှယ်များ သည် ဂျီနီဗာတွင် ကျင်းပသည့် (၄၂) ကြိမ်မြောက် စီဒေါ်အစည်းအဝေး တွင် ပါဝင်တက်ရောက်ခဲ့သည်။ ဤခရီးစဉ်၌ အပိုင်း (၂) ပိုင်း လုပ်ဆောင်ပါသည်။

**၂၀၀၈ ခုနှစ် အောက်တိုဘာလ ၂၅ – ၂၆ ရက် ။**

IWRAW မှ စီစဉ်သည့် “ကမ္ဘာ့အဆင့်မှ ဒေသတွင်းသို့” အလုပ်ရုံ ဆွေးနွေးပွဲ” သို့ တက်ရောက်ခြင်း။[၁၃]

**၂၀၀၈ ခုနှစ် အောက်တိုဘာလ ၂၇ – နိုဝင်ဘာလ ၃ ရက်။**

စီဒေါ် ကော်မီတီ၏ (၄၂) ကြိမ်မြောက် အစည်းအဝေး တက်ရောက်ခြင်း။[၁၄]




SORTIE
TAY TAY
VERA
ANA
VAL

## (၁) အဖွဲ့၏ ရည်ရွယ်ချက်များ

- အစည်းအဝေးကာလအတွင်း IWRAW-AP ၏ "ကမ္ဘာလုံးဆိုင်ရာ အဆင့်မှ ဒေသတွင်းသို့" ဆွေးနွေးပွဲနှင့် လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ရန်။
- မြန်မာ့အရေး သုံးသပ်ချက်၊ စစ်အစိုးရ၏ နိုင်ငံတော် အစီရင်ခံစာသုံးသပ်ရာတွင် ကော်မီတီ အဖွဲ့ဝင်များအား အထောက်အကူပြုစေမည့် နောက်ဆုံး သတင်းအချက်အလက်များပေးရန်၊ ကော်မတီ၏ နိဂုံးချုပ်လေ့လာတွေ့ရှိ အကြံပြုချက်များတွင် မိမိတို့၏ အရေးကိစ္စများနှင့် မေးခွန်းများ၊ ဖော်ပြလိုသည့် စကားရပ်များတို့ကို ပါဝင်စေရန် အနီးကပ် စည်းရုံးရန်။
- စင်ပြိုင်အစီရင်ခံစာ **"စစ်အာဏာရှင်ကြီးစိုးမှု မှောင်ရိပ်"** အမည်ရ အစီရင်ခံစာကို အသုံးပြု၍ စီဒေါကော်မီတီဝင်များကို အနီးကပ်စည်းရုံးရန်။
- ကမ္ဘာ့ဒေသအသီးသီးမှ အမျိုးသမီးအဖွဲ့အစည်းများ၏ စည်းလုံးညီညွတ်မှုနှင့် ထောက်ခံမှု ပေါင်းစည်းရယူရန်နှင့် စီဒေါဆိုင်ရာ ကမ္ဘာ့အဆင့် ကွန်ယက်များနှင့် ပိုမိုအားကောင်း ကျယ်ပြန့်စွာ ချိတ်ဆက်မိစေရန်။
- မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့အစည်းများ အကြောင်းကို အခြား ဒေသများရှိနိုင်ငံများမှ တိုးမြှင့် သိရှိလာစေရန်။
- မိမိတို့၏ ကွန်ယက်ဖြစ်သော ဂျီနီဗာ အခြေစိုက် မြန်မာ့အရေး ပံ့ပိုးလှုပ်ရှားပေးနေသည့် အင်အားစုများနှင့် အခြား အမျိုးသမီး အဖွဲ့များနှင့် တွေ့ဆုံရန်။
- IWRAW ကွန်ယက်များမှ တဆင့်နိုင်ငံတကာ အမျိုးသမီး လှုပ်ရှားမှုမှ စည်းလုံးညီညွတ်မှုနှင့် အထောက်အပံ့ ပေါင်းစည်းရယူ၍ မြန်မာစစ်အုပ်စုအား စိန်ခေါ်သည့် ခြေလှမ်း တိုးလှမ်းရန်

## (၂) မြန်မာနိုင်ငံ ကိုယ်စားလှယ် အဖွဲ့

မြန်မာနိုင်ငံ ကိုယ်စားလှယ် အဖွဲ့၌ ကိုယ်စားလှယ် (၇) ဦး ပါဝင်သည်။ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေး အသင်း (SWAN) မှ နန်းချန်တောင်းနှင့် ပြင်သစ်နိုင်ငံ၌ ပညာသင်နေသော ဗလင်တီနာ စိုး (Valentina Soe) တို့လည်း ဂျီနီဗာတွင် ကိုယ်စားလှယ် အဖွဲ့တွင် ပါလာခဲ့သည်။ သို့ဖြစ်၍ မြန်မာအဖွဲ့တွင် ကိုယ်စားလှယ်ပေါင်း (၉) ဦး ပါဝင်ခဲ့သူများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

၁။ နန်းလောဝ်လျှန်းဝမ်း (စီဒေါ လုပ်ငန်းစဉ်အဖွဲ့ခေါင်းဆောင်နှင့် အထွေထွေ ဆက်သွယ်ရေးတာဝန်ခံ)
၂။ နော်ထူးဖော (စီဒေါ စင်ပြိုင်အစီရင်ခံစာလုပ်ငန်းစဉ်အတွက် အဓိက ဆက်သွယ်ရေး တာဝန်ခံ)
၃။ သွယ်ဇင်တိုး (စီဒေါ စင်ပြိုင်အစီရင်ခံစာလုပ်ငန်းစဉ်အတွက် လက်ထောက် ဆက်သွယ်ရေး တာဝန်ခံ)
၄။ ယိင်းစံ (စီဒေါ အလုပ်အဖွဲ့ဝင်၊ IDR ဌာန၏ လက်ထောက် တာဝန်ခံ)
၅။ လွေးမိုးခမ်း (ပလောင်အမျိုးသမီး အဖွဲ့အစည်း)
၆။ ဂျူလီယာ မာရစ် (ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံ)
၇။ ချယ်ရီ ဇာဟောင် (ချင်းလဲန်း အမျိုးသမီးအဖွဲ့ချုပ်၊ အိန္ဒိယ အခြေစိုက်)
၈။ ဗလင်တီနာ စိုး (တသီးပုဂ္ဂလ)
၉။ နန်းချန်တောင်း (ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း –SWAN)

## (၃) မြန်မာကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှု (၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၅ ရက် – နိုဝင်ဘာလ ၄ ရက်၊)[၁၅]

- IWRAW-AP က ပြုလုပ်သည့် "ကမ္ဘာလုံးဆိုင်ရာ အဆင့်မှ ဒေသတွင်းသို့"သင်တန်းကို တက်ရောက်ခြင်း။
- NGOs များနှင့် စီဒေါ ကော်မီတီ အဖွဲ့ဝင်များအကြား အလွတ်သဘော တွေ့ဆုံပွဲများ တက်ရောက်ခြင်း။
- စီဒေါကော်မီတီအဖွဲ့ဝင်များနှင့် အလွတ်သဘော တွေ့ဆုံ စည်းဝေးခြင်း။
- စီဒေါ ကော်မီတီနှင့် နိုင်ငံများအကြား အပြုသဘောဆောင်သည့် အပြန်အလှန် ပြောဆိုမှုများ ပြုလုပ်သည့် အစည်းအဝေးများကိုလေ့လာခြင်း။





- နေ့လည်စာစားချိန်တွင် ကျင်းပသည့် အခြားနိုင်ငံများ၏ အကျဉ်းရုံး ဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း။
- အခြားအဖွဲ့များနှင့် မြန်မာအဖွဲ့ ကိုယ်စားလှယ်များ အကြား နေ့စဉ်ဆောင်ရွက်ချက်များကို မေးမြန်းမှတ်သားခြင်း။ ဖလှယ်ခြင်း။
- ဂျီနီဗာရှိ မြန်မာ့အရေး ထောက်ခံသော အဖွဲ့များနှင့် အမျိုးသမီး ကွန်ယက် အဖွဲ့အစည်းများနှင့် တွေ့ဆုံ စည်းဝေးခြင်း။

## (ဂ) စည်းရုံးရေးခရီးစဉ်အပေါ် ပြန်လည်သုံးသပ်ခြင်း

- ကုလသမဂ္ဂနှင့် အတူအလုပ်တွဲလုပ်နိုင်သည့် အရေးပါသော သံတမာန်ရေး ကျွမ်းကျင်မှုများ ရရှိလာသည်။
- အသင်းအဖွဲ့ဖြင့်သွားသည့် စည်းရုံးရေးခရီးစဉ်အတွက် အသင်းလိုက် အလုပ်လုပ်ခြင်း အရေးအလွန်ကြီးကြောင်း ပိုမို သိရှိ ခဲ့ရသည်။
- မိမိတို့ စည်းရုံးလှုံ့ဆော်မည့် အကြောင်းအရာများကို မိမိတို့ ကောင်းစွာသိရှိနားလည်ထားရန် လိုကြောင်း သိရှိခဲ့သည်။
- မိမိတို့၏ သတင်းအချက်အလက်များကို နိုင်ငံတကာ အဆင့်သို့ ရောက်အောင်ပို့ပေးခြင်း၏ အရေးပါမှုကို သိရှိခဲ့သည်။
- မှတ်တမ်းတင်ခြင်းနှင့် အချက်အလက် စုဆောင်းခြင်းတို့၏ အရေးပါမှုကို သိရှိခဲ့သည်။
- စီဒေါ ကော်မီတီ၏ အလုပ်လုပ်ပုံကို သိရှိခဲ့သည်။
- စီဒေါ ကော်မီတီသို့ မည်သို့ချဉ်းကပ် စည်းရုံးလှုံ့ဆော်ရမည်ကို သိရှိခဲ့သည်။
- စီဒေါ ကော်မီတီသို့ပေးရန် သတင်းအချက်အလက်များ ပြင်ဆင်ရန်မှာ NGOs များအတွက် မည်မျှ အရေးကြီးကြောင်း သိရှိခဲ့သည်။
- အမျိုးသမီးအဖွဲ့များအနေနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂ အရာရှိများကို နေ့လည်စာစားချိန် ဆွေးနွေးပွဲများ၊ ကော်မီတီနှင့် နိုင်ငံတကာ ပါတီတို့အကြား အပြုသဘောဆောင်သည့် အပြန်အလှန်ဆွေးနွေးစကားများ အကြောင်း ဗဟုသုတများစွာရရှိခဲ့သည်။
- စီဒေါ စာချုပ်အား လက်မှတ်ရေးထိုးပြီးနောက် စာချုပ်တွင် ဂတိပြုထားသည့်အတိုင်း အမှန်တကယ် အကောင်အထည်ဖော်မှု ရှိ–မရှိ သေချာစေရန် နိုင်ငံများအား စီဒေါ ကော်မီတီက မည်သို့ မေးခွန်း မေးသည်ကို သိရှိခဲ့သည်။
- အသင်းအဖွဲ့တခုအနေနှင့် အလုပ်လုပ်ခြင်း၊ တနေရာတည်း၌ အတူတည်းခြင်းနှင့် အစည်းအဝေးများ မစတင်မီနှင့် ပြီးဆုံးပြီးတိုင်း ပြန်လည်အကျဉ်း ဆွေးနွေးပွဲများ နေ့စဉ်ပြုလုပ်ခြင်းများက လုပ်ငန်းစဉ်အကြောင်း ပိုမို နားလည်လာစေပြီး မိမိတို့ အကြားရှိ ပူးပေါင်းဆောင်ရွက်မှုအရှိန် ပို၍အားကောင်း လာစေသည့်အပြင် အချင်းချင်းကြား နားလည်မှု ပို၍ ရှိလာ စေသည်။
- အခြားနိုင်ငံများမှ အမျိုးသမီး NGOs များ၏ စင်ပြိုင်အစီရင်ခံစာများအကြောင်းနှင့် ၎င်းတို့ စည်းရုံးလှုံ့ဆော်ပုံ လုပ်ထုံးလုပ်နည်းများကို သိရှိခဲ့သည်။
- အခြားနိုင်ငံများမှ အမျိုးသမီး အဖွဲ့အစည်းများ၏ အကြောင်းကို သိရှိခဲ့ရသည်။

## (ဃ) အနီးကပ်စည်းရုံးရေး ခရီးစဉ်၏ ရလဒ်များ

- (၉) ဦးပါသောကိုယ်စားလှယ်အဖွဲ့သည် စီဒေါကော်မီတီနှင့် အနီးကပ် အလုပ်လုပ်သည့် အတွေ့အကြုံ ရရှိခဲ့သည်။
- မြန်မာတပြည်လုံး အခြေအနေ၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အခြေအနေကို ပို၍ ရှင်းလင်း နားလည်စေရန် စီဒေါကော်မီတီ အဖွဲ့ဝင်များထံသို့ မိမိတို့အနေနှင့် သတင်းအချက်အလက်များ ပေးနိုင်ခဲ့သည်။
- စစ်အစိုးရ ကိုယ်စားလှယ်များကို ခက်ခဲပြီး ဗျူဟာမြောက်သော မေးခွန်းများမေးရန် မိမိတို့က စီဒေါ ကော်မီတီအဖွဲ့ဝင်များအား မေးခွန်း၊ အချက်အလက်များ ပေးနိုင်ခဲ့သည်။
- အဖွဲ့ဝင်တဦးချင်းစီ အနေနှင့် စီဒေါကော်မီတီလုပ်ငန်းများနှင့် ၎င်းတို့ကို မည်သို့ အသိပေးစည်းရုံး နိုင်မည်ကို ရှင်းလင်းစွာ နားလည် ခဲ့သည်။

“လုပ်ငန်းစဉ်လုပ်နေတဲ့ အချိန်အတွင်း ကျွန်မမှာ ခံစားမှုတွေရောနေပါတယ်။ (ဖြစ်မှဖြစ်ပါ့မလား ဆိုတာတွေ – တကယ်လို့များ ဆိုတာတွေ) အများကြီး ကြုံခဲ့ရပါတယ်။ ဥပမာ– မြန်မာ တပြည်လုံးရဲ့ အမျိုးသမီးထု အားလုံးအတွက် တင်ပြရနိုင်ပါ့မလား – အားလုံးချောချောမွေ့မွေ့မှ ဖြစ်ပါ့မလား စတာတွေပေါ့။ ဒါပေမဲ့ စင်ပြိုင် အစီရင်ခံစာအတွက် ဂျီနီဗာကို သွားတဲ့ ကျွန်မတို့အဖွဲ့က သိပ်ညီညွတ်ပြီး အသင်းလိုက် အလုပ်လုပ်တာလည်း တအားကောင်းတယ်။ ဒီလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ကျွန်မတို့ အရမ်းကိုကျေနပ်မိပါတယ်။

သူတို့ (စစ်အစိုးရ ကိုယ်စားလှယ် – ၁၀ ဦး) က သူတို့ရဲ့ စီဒေါ်အစီရင်ခံစာ (အမျိုးသမီး အခွင့်အရေး) အတွက် ကိုယ်စားပြု တင်ပြလာပါတယ်။ ဒါပေမယ့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အမျိုးသား ဖြစ်နေပြီး အမျိုးသမီးက (၃) ဦးပဲပါတယ်။ အမြင်တခုက ကြည့်ရင်တော့ သူတို့က အမျိုးသမီးအခွင့်အရေး အတွက် အမျိုးသမီးတွေပဲ လုပ်ရမယ်လို့ မယူဆတဲ့ပုံပါ။ ဒါပေမယ့် ပြဿနာက ဘာလဲဆိုတော့ သူတို့က သူတို့လမ်းညွှန်မှု မပါဘဲ အမျိုးသမီးတွေကို ဘာမှ မဖြေခိုင်း၊ ဘာမှ မလုပ်ခိုင်းတာ ပါပဲ။ အမျိုးသမီးကိုယ်စားလှယ်တွေက မြန်မာ့အမျိုးသမီးရေးရာ အဖွဲ့ချုပ် **(MWAF)** နဲ့ တခြား အမျိုးသမီး ကိစ္စတချို့အကြောင်းပဲ ဖြေနိုင်တယ်။ ပြီးတော့ အဲဒါကလည်း စာရွက်ထဲက ရေးထားတာကိုပဲ ဖတ်ပြတာ။ အပိုအဖြေတွေ ဘာမှ မပါဘူး။ အမျိုးသား ကိုယ်စားလှယ်တွေက မေးခွန်းအများစုကို ဖြေတယ်။ ကော်မီတီ အဖွဲ့ဝင်တွေက မေးတဲ့ မေးခွန်းတွေက သူတို့အတွက် အရမ်းခက်ခဲတယ်လို့ ကျွန်မတော့ ထင်တယ်။

ကျွန်မတို့ ပေးထားတဲ့ အချက်အလက်ကိုသုံးပြီး ကော်မီတီကမေးခွန်းတွေ မေးလိုက်ရင် မြန်မာပြည်က အမျိုးသမီးတွေအတွက် ကျွန်မတို့လုပ်ပေးနိုင်ခဲ့တာကို အရမ်းဂုဏ်ယူမိတယ်။

ဒါပေမယ့် စစ်အစိုးရ ကိုယ်စားလှယ်တွေက ကော်မီတီကမေးတာကို ဖြေတဲ့အဖြေတွေက ရယ်စရာကောင်းတယ်။ မြန်မာနိုင်ငံအတွက် ရှက်မိပါတယ်။ ဘာလို့လဲ ဆိုတော့ စစ်တပ်က အသေအချာပညာတတ်တဲ့ လူတွေကို မသုံးခဲ့ဘူး။ နိုင်ငံတကာ အဆင့်မှာ ဘယ်လို ဆက်သွယ်တင်ပြ စကားပြောရမယ်ဆိုတာ ကို မလုပ်နိုင်ကြဘူး။”

မသွယ်ဇင်တိုး

- မိမိတို့သည် အခြားနိုင်ငံများမှ အမျိုးသမီးအဖွဲ့များနှင့် ပိုမိုချိတ်ဆက်နိုင်ခဲ့ပြီး IWRAW နှင့် မိမိတို့၏ ဆက်ဆံရေးကို ပိုမို အားကောင်းစေခဲ့သည်။
- စီဒေါ ကော်မီတီကို ထိရောက်စွာ အနီးကပ်စည်းရုံးနိုင်ခဲ့ပြီး လိုအပ်သည့် သတင်းအချက်အလက် အားလုံးကို ၎င်းတို့အား ပေးနိုင်ခဲ့သည်။
- စီဒေါ ကော်မီတီအဖွဲ့ဝင်များမှာ ယခုအခါ၌ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အခြေအနေနှင့် စစ်တပ်က တပြည်လုံးရှိ ပြည်သူများကို မည်သို့ဖိနှိပ်နေကြောင်း ပိုမိုသိလာကြသည်။
- စီဒေါအကြောင်း ပြောဆိုခြင်း၊ ဒီမိုကရေစီ လှုပ်ရှားမှု၌ လူထုအခြေပြု အသိုင်းအဝိုင်းများကို အမျိုးသမီးအခွင့်အရေးအကြောင်း အသိပညာပေးခြင်းနှင့် အမျိုးသားခေါင်းဆောင်များကို အသိပညာပေးခြင်းတို့ ပြုလုပ်ခြင်းအားဖြင့် မိမိတို့၏ အတွေ့အကြုံကို လက်တွေ့လုပ်ငန်းတွင် ပြန်လည် အသုံးချနိုင်သည်။
- မိမိတို့တင်ပြ ပြင်ဆင်ခဲ့သည့် မေးခွန်းအားလုံးကို စီဒေါ ကော်မီတီက စစ်အစိုးရ ကိုယ်စားလှယ် အဖွဲ့သို့ မေးခဲ့သည်ကို တွေ့ရှိရသည်။
- မီဒီယာ၌ သတင်းဖော်ပြပါဝင်မှု ကောင်းကောင်း ရရှိခဲ့သည်။
  - ဒီမိုကရက်တစ် မြန်မာအသံ (DVB)
  - ဧရာဝတီ ဂျာနယ်
  - ခေတ်ပြိုင်သတင်းစာ
  - ကချင် သတင်းအဖွဲ့များ
  - မဇ္ဈိမသတင်းဌာန
  - ရိုးမသတင်းဌာန
  - အမေရိကအသံ (VOA)
  - ကန္တာရဝတီ သတင်းဌာန
  - (Le temps) (ဆွစ်ဇာလန်သတင်းစာ)[၁၆]

## (င) စီဒေါ စင်ပြိုင်အစီရင်ခံစာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ ထံမှ စကားများ

ခြုံငုံဆိုရလျှင် စီဒေါ ကော်မီတီ အဖွဲ့ဝင်များက စစ်အစိုးရ၏ ကိုယ်စားလှယ်များနှင့် အပြုသဘော ဆွေးနွေး အကြံပေး သွားပုံကို မိမိတို့ အထူး နှစ်သက် ကျေနပ်မိပါသည်။ ကော်မီတီအဖွဲ့ဝင်များက မိမိတို့က သူတို့ကို ပြောစေလိုသော ကိစ္စရပ်များကို လုပ်ဆောင်ပေးသွားခဲ့ပါသည်။ မေးမြန်းခဲ့သည့် မေးခွန်းများကို စစ်အစိုးရ၏ ကိုယ်စားလှယ်အဖွဲ့က ဖြေဆိုရန် ခက်ခဲနေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ မြန်မာနိုင်ငံအား သုံးသပ်မည့် စီဒေါ ကော်မီတီအဖွဲ့ဝင်အားလုံးနီးပါးက မိမိတို့၏ နေ့လည်စာ စားချိန် အကျဉ်းချုပ် ဆွေးနွေးပွဲသို့ လာရောက်ခဲ့သည်ကို စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။ ကော်မီတီအဖွဲ့ဝင်များက မေးခွန်းအမျိုးမျိုး မေးမြန်းခဲ့ကြပါသည်။ မိမိတို့က စင်ပြိုင်အစီရင်ခံစာကို အခြေခံပြီး သူတို့ကို သတင်းအချက်အလက်များ ပေးနိုင်ခဲ့ပါသည်။ မိမိတို့ ကိုယ်စားလှယ် တဖွဲ့လုံးက စီဒေါကော်မီတီအဖွဲ့ဝင်များထံ အသိပေး စည်းရုံးနိုင်ရန် အထူးကြိုးစားအားထုတ်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့၏ အားထုတ်မှုများ၏ ရလဒ်များ အထင်အရှား မြင်ရသည်။

အသင်းအဖွဲ့အနေနှင့် လုပ်ခြင်းကို (Team Work) အသုံးပြုရင်း စုပေါင်းအလုပ် ဆိုသည်မှာ မည်သို့ ဖြစ်သည်။ အားကောင်းကောင်းနှင့် အကျိုးပြုနိုင်သည့် အသင်းအဖွဲ့ တခုဖြစ် လာစေရန်အတွက် မည်သည့် နည်းဗျူဟာများက မိမိတို့ကို လမ်းညွှန်သည် ဆိုသည်များကို သိရှိလာခဲ့ရပါသည်။ မိမိတို့က အဖွဲ့ကောင်းတခုအဖြစ် စုစည်း လုပ်ဆောင်နိုင်ခဲ့သည်ဟု ခံစားရပါသည်။ ကော်မီတီအဖွဲ့ဝင်များကို အသိပေးစည်းရုံးနိုင်ရန်၊ အဖွဲ့ဝင်တိုင်းက မိမိတို့၏ စင်ပြိုင် အစီရင်ခံစာတွင်တင်ပြထားသော အရေးကိစ္စများထဲမှ အနည်းဆုံးတခုကို ဖြေရန် တာဝန်ယူထားကြပါသည်။ ကုလသမဂ္ဂ အစည်းအဝေးပြီးတိုင်း အခြားအဖွဲ့များနှင့် အတွေ့အကြုံများကို မေးမြန်းဖလှယ်မှုများ၊ သုံးသပ်ခြင်းများလုပ်ခြင်းမှာ အလွန်အသုံးဝင်လှပါသည်။ အကြောင်းမှာ တနေ့တာတွင် လုပ်ဆောင်နိုင်ခဲ့သော လှုပ်ရှားမှုများကို ပြန်သုံးသပ်နိုင်ခြင်း၊ ပြန်လည်မွမ်းမံနိုင်ခြင်း၊


Women's League of Burma
LWO


Consultation meeting among
civil society groups/ networks

ဖြစ်ပေါ်လာနိုင်သော အရေးကိစ္စများကို ဆွေးနွေးနိုင်ခြင်း၊ ပြီးသည့်အခါ မိမိတို့လုပ်မည့် အစည်းအဝေးများ ပိုကောင်းမွန်စွာဖြင့် မိမိကိုယ်တိုင် ပိုမိုထိရောက်စွာ တင်ပြနိုင်ရေးနှင့် နောက်နေ့များအတွက် အစီအစဉ် ရေးဆွဲနိုင်ခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။ စီဒေါ အစည်းအဝေး အပြင်ဖက်တွင်လည်း သတင်းထောက်များနှင့် တွေ့ဆုံပွဲများ ပြုလုပ်ခွင့်ရခဲ့ပြီး၊ ခရီးစဉ်အတွင်း သုတေသနပြုစုသူများနှင့်လည်း ဆွေးနွေးစကားပြောနိုင်ခြင်းစသည့် လှုပ်ရှားမှုများ လုပ်ဆောင်နိုင်ခဲ့၍ အထူး ကျေနပ်ဖွယ် ဖြစ်ရပါသည်။

မိမိတို့ကိုယ်စားလှယ်အဖွဲ့သည် စုစည်းမှု အထူးကောင်းမွန်သော အဖွဲ့ဟု ခံစားကြရပါသည်။ မိမိတို့က အသင်းကို သေချာ ဖွဲ့စည်းထားခြင်း၊ ခရီးမထွက်ခင်ကပင် သေချာစွာ စီစဉ်ထားခြင်း။ ခရီးစဉ်အတွက် အထူးသီးသန့်လုပ်သည့် ဆွေးနွေးပွဲများရှိခဲ့ခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

အားလုံး ပျော်ရွှင်ကြပါသည်။ လုပ်ငန်းစဉ်တခုလုံးတွင် အစမှနေ၍ အဆုံးထိ ပါဝင်ခဲ့ရ၍ ဖြစ်ပါသည်။ ဤခရီးစဉ်နှင့် စင်ပြိုင်အစီရင်ခံစာ လုပ်ငန်းစဉ်က စီဒေါ အစီရင်ခံစာရေးသားရေး လုပ်ငန်းအဖွဲ့တခုတည်း၏ စွမ်းဆောင်ရည်တခုတည်းနဲ့ ဖြစ်ပေါ်လာခြင်း မဟုတ်ပါ။ အဖွဲ့ဝင်များ၊ အဖွဲ့ဝင်မဖြစ်သေးသော အဖွဲ့အစည်းများ၊ အခြားသော လူထုအခြေပြု အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ လုပ်နိုင်စွမ်းအားတို့လည်း ပါဝင်သည်။ စီဒေါ အစီရင်ခံစာ လုပ်ငန်းစဉ်အရ မိမိတို့အားလုံး အကျိုးရရှိခဲ့ ကြပါသည်။

## အပိုင်း (၅) ယနေ့ကာလအထိ ပြုလုပ်သော အစည်းအဝေးနောက်ပိုင်း လှုပ်ရှားမှုများ (၂၀၀၈ ဒီဇင်ဘာ)

- ခရီးစဉ်မှ ပြန်လာပြီးနောက် စီဒေါအစည်းအဝေး အတွေ့ အကြုံ ထင်ဟပ်သုံးသပ်မှု စည်းဝေးပွဲများ ပြုလုပ်ခဲ့သည်။
  - o အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ နိုင်ငံရေး စွမ်းရည်မြှင့်တင်ရေး သင်တန်းသူများ
  - o သဘာပတိ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးရုံးမှ ဝန်ထမ်းများ
  - o NBC ၏ မိတ်ဖက် အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲများ
  - o ကွန်ယက်အဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့ အစည်းများ၊ လူမှုအသိုင်းအဝိုင်း အခြေပြုအဖွဲ့များ (CBOs) တို့နှင့် ပြုလုပ်ခဲ့သည်။
- စီဒေါလက်စွဲစာစောင်နှင့် စစ်အစိုးရ၏ တင်ပြချက် အစီရင်ခံစာ၊ သုံးသပ်လေ့လာချက်များ အပါအဝင် စီဒေါလုပ်ငန်းစဉ် လုပ်ရှားမှု အစီရင်ခံစာကို ဘာသာပြန် ထုတ်လုပ်ရန် ပြင်ဆင်ခြင်း။
- စီဒေါစင်ပြိုင်အစီရင်ခံစာကို အခြေခံ၍ WLB ၏ ပညာရေး အပေါ် ရပ်တည်ချက် အခြေခံမှု စာတမ်းကို ပြင်ဆင်ခြင်း။
- စီဒေါလုပ်ငန်းစဉ် သုံးသပ်မှု အစီရင်ခံစာနှင့် ဆက်လက် ဆောင်ရွက်ရမည့် မဟာဗျူဟာများ ပြင်ဆင်ခြင်း။

## နိဂုံး

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနှင့် လုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီး၊ အစမှ အဆုံးတိုင်အောင် ကောင်းစွာ လုပ်ဆောင်နိုင်ခဲ့ခြင်း ပေါ် ဂုဏ်ယူမိပါသည်။ WLB က ယခု စင်ပြိုင်အစီရင်ခံစာ လုပ်ငန်းစဉ်ကို စတင်ခဲ့ခြင်းမှာ ကုလသမဂ္ဂ အဆင့်၌ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အသံကို မြှင့်တင်ရေးမှာ လွန်စွာ အရေးပါသည်ဟု ယုံကြည်၍ ဖြစ်ပါသည်။ သို့ရာတွင် အခြားအမျိုးသမီး အဖွဲ့များနှင့် လူထုအခြေပြုအဖွဲ့အစည်းများ မပါဝင်ဘဲ မိမိတို့အနေနှင့် ဤသို့အောင်မြင်သော စင်ပြိုင်အစီရင်ခံစာကို ထုတ်နိုင်ခဲ့မည်မဟုတ်ပါ။ အဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းပါဝင်ခဲ့ခြင်းကို အလွန်ကျေးဇူးတင်ပါသည်။

လုပ်ငန်းစဉ် ကာလအတွင်း မိမိတို့၏ မူလကွန်ယက်အဖွဲ့များအပြင် ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသ တိုးတက်ဖွံ့ဖြိုးရေးနှင့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ပပျောက်စေရေးစသည့် အရေးကိစ္စများအတွက် အဖွဲ့များအသီးသီးနှင့် ဆက်သွယ် ဆောင်ရွက်ခဲ့ပါသည်။ အားလုံးမှ စိတ်ရော ကိုယ်ပါ ပါဝင်၍ စုပေါင်းကြိုးပမ်းအားထုတ်မှုများ ရရှိခဲ့သည်မှာ လွန်စွာ တန်ဖိုး ရှိလှပါသည်။

ထိုလုပ်ငန်းစဉ်မှ အတွေ့အကြုံများက အနာဂတ် ဒီမိုကရေစီနိုင်ငံတွင် မိမိတို့ ဆောင်ရွက်သောလုပ်ငန်းများ မည်သို့လုပ်ဆောင်လိုကြောင်း ပြသခဲ့သည် မူဝါဒ အပြောင်းအလဲအတွက် အတူအကွ လှုပ်ရှားရင်း လူထု အခြေပြု အသိုင်းအဝိုင်းအား စွမ်းရည်ပိုမိုရရှိ၍ ပိုအားကောင်းစေသည့် ဤသို့သော လုပ်ငန်းစဉ်မျိုးကို မိမိတို့ လုပ်ရန်ဆန္ဒရှိသည့်အပြင် ရှေ့ဆက်၍လည်း လက်ဆင့်ကမ်း လိုပါသည်။

# နောက်ဆက်တွဲစာများ

နောက်ဆက်တွဲ(၁)။ စီဒေါ် စင်ပြိုင်အစီရင်ခံစာလုပ်ငန်းစဉ်အတွက် အချိန်ဇယား (၂၀၀၈ ခုနှစ် ဇန္နဝါရီလ – နိုဝင်ဘာလ)

| လုပ်ငန်းစဉ်ချမှတ်ခြင်း | | | |
|---|---|---|---|
| လုပ်ငန်းများ (မည်သည့်လုပ်ငန်းများ ဆောင်ရွက်ရမည်) | မည်သူ | မည်သည့်နေရာ | မည်သည့်အချိန် |
| **စီဒေါ်** လုပ်ငန်းအဖွဲ့ (CWT) | ထူးဖော၊ တိုးတိုး၊ WLB-IDR နှင့် အတွင်းရေးမှူး | WLB အတွင်းရေးမှူးများရုံး | ၂၀၀၈ ခုနှစ်၊ ဇန္နဝါရီလ ၃၁ |
| **စီဒေါ်** အဓိက ဆက်သွယ်ရမည့် တာဝန်ခံ | အဖွဲ့အစည်းတခုမှ တဦး | အဖွဲ့အစည်းများ အခြေစိုက်ရာနေရာ | ၂၀၀၈ ခုနှစ်၊ ဇန္နဝါရီလ ၃၁ |
| **စီဒေါ်** စင်ပြိုင်အစီရင်ခံစာ မူကြမ်း ရေးသားရန် အဖွဲ့ကို သတ်မှတ်တာဝန်ပေးရန် | အနည်းဆုံး ၃ ဦး | WLB အတွင်းရေးမှူးများ အဖွဲ့ | ၂၀၀၈ ခုနှစ်၊ ဖေဖော် ဝါရီလ –မတ်လ |
| (က) တိုင်ပင်ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ များ<br>• အဖွဲ့အစည်းများအတွင်း ညှိနှိုင်းဆွေးနွေးခြင်း။<br>• ရပ်ရွာအခြေပြုအဖွဲ့များနှင့် သင်တန်း ဆွေးနွေးပွဲများ ပြုလုပ်ခြင်း။ သတင်း အချက်အလက် စုဆောင်းခြင်း။<br>• CBOs အဖွဲ့အစည်းများ နှင့် ညှိနှိုင်း ခြင်း။ အခြားအရေးပြဿနာ အသီးသီး အတွက် လုပ်ဆောင်ခြင်း။ (ဥပမာ– ဆည်များ ကိစ္စ၊ ဓါတ်ငွေ့ပိုက်လိုင်း ကိစ္စ။ စသဖြင့် ...)<br>(ခ) ဒေတာ။ အချက်အလက်များ ကောက်ယူ ခြင်း။<br>• အဖွဲ့တိုင်းက စုဆောင်းခြင်း၊ ပေးပို့ခြင်း။<br>• အထောက်အပံ့ဖြစ်စေသော တဆင့်ခံ အချက်အလက် စုဆောင်းခြင်း။<br>• စာပေများမှ သုတေသနပြုခြင်း။ | အမျိုးသမီးများ အဖွဲ့များ နှင့် ကမ်ပိန်းဆောင်ရွက်မည့် အဖွဲ့များ<br><br>WO/CBO/CWT | အဖွဲ့အစည်းများ အခြေစိုက်ရာနေရာ<br><br>မတူကွဲပြားသော နေရာများ | မှတ်ချက်။ CWT သို့ အချက်အလက် ဒေတာများအားလုံး ပေးပို့ရန်။<br><br>၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ – မတ်လ |

| **ပထမ မူကြမ်း ပြင်ဆင်ရေးသားခြင်း** | | | |
|---|---|---|---|
| **လုပ်ငန်းများ (မည်သည့်လုပ်ငန်းများ ဆောင်ရွက်ရမည်)** | **မည်သူ** | **မည်သည့်နေရာ** | **မည်သည့်အချိန်** |
| ပထမ မူကြမ်းရေးသားခြင်း | မူကြမ်းရေးသားမည့် အဖွဲ့ (DT) | မူကြမ်းရေးမည့်သူများ အခြေပြုရာ | မေလလယ်မှ ဇွန်လလယ်အထိ |
| ဒေတာများတွင် လစ်ဟာနေသည်များ ဖြည့်စွက်ခြင်း။ | အဖွဲ့အစည်းအားလုံး | WLB အတွင်းရေးမှူးရုံးနှင့် အဖွဲ့အစည်းများ အခြေစိုက်ရာ နေရာ | ဇွန်–ဇူလိုင် |
| IWRAW မှ ကျင်းပသော "ကမ္ဘာလုံးဆိုင်ရာ အဆင့်မှ ဒေသတွင်းသို့ " ဆွေးနွေးပွဲ | (CWT) အဖွဲ့ဝင်များ | နယူးယောက်ရှိ ကုလသမဂ္ဂရုံး | ဇွန်လ ၂၂– ဇူလိုင်လ ၅ |
| **မူကြမ်း အစီရင်ခံစာအပေါ် ဘက်စုံ အထွေထွေ ညှိနှိုင်းတိုင်ပင်ခြင်းနှင့် အချောသတ်ရေးသားခြင်း** | | | |
| **လုပ်ငန်းများ (မည်သည့်လုပ်ငန်းများ ဆောင်ရွက်ရမည်)** | **မည်သူ** | **မည်သည့်နေရာ** | **မည်သည့်အချိန်** |
| ဒုတိယ မူကြမ်းနှင့် အကြံပြုချက်များ | သဘာပတိအဖွဲ့ဝင်များ။ CWT နှင့် အဓိက ဆက်သွယ်ရမည့် တာဝန်ခံများ။ (DT) | WLB အတွင်းရေးမှူးရုံး နှင့် အမျိုးသမီးများ အခြေစိုက်ရာ | ဇူလိုင်လလယ်မှ သြဂုတ်လလယ် |
| မြန်မာဘာသာ ပြန်ဆိုခြင်း | ဘာသာပြန်မည့်သူ ရှာဖွေရန် (DT/CWT) | ဘာသာပြန်သူ အခြေစိုက်ရာ | ဇူလိုင်လလယ်မှ သြဂုတ်လလယ် |
| IWRAW သို့ တင်ပြခြင်း။ | (CWT) | (IWRAW) | သြဂုတ်လကုန် |
| IWRAW မှ မှတ်ချက်များ ရယူခြင်း။ အစီရင်ခံစာကို အချောသတ်ခြင်း။ | (CWT) | (WLB) အတွင်းရေးမှူးအဖွဲ့ | ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလလယ် |
| **ညီလာခံကာလ လှုပ်ရှားမှုများ** | | | |
| **လုပ်ငန်းများ (မည်သည့်လုပ်ငန်းများ ဆောင်ရွက်ရမည်)** | **မည်သူ** | **မည်သည့်နေရာ** | **မည်သည့်အချိန်** |
| စာရွက်စာတမ်း ပစ္စည်းများ ပြင်ဆင်ခြင်းနှင့် စည်းရုံးရေးခရီးစဉ်အတွက် အထောက်အကူပြု ပစ္စည်းများ | CWT နှင့် အမျိုးသမီး အဖွဲ့များမှ ကိုယ်စားလှယ်များ | ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံ | စက်တင်ဘာလကုန် နှင့် အောက်တိုဘာ |
| IWRAW မှ ကျင်းပသော "ကမ္ဘာလုံးဆိုင်ရာ အဆင့်မှ ဒေသတွင်းသို့ " ဆွေးနွေးပွဲ | **စီဒေါ** အစည်းအဝေးသို့ သွားမည့် (အနည်းဆုံး အမျိုးသမီး ကိုယ်စားလှယ် ၇–ဦး) | ဂျီနီဗာ | ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ |

| | | | |
|---|---|---|---|
| **စီဒေါ**ကော်မတီ၏ (၄၂) ကြိမ်မြောက် အစည်းအဝေး တွင် တက်ရောက်ခြင်း။ | **စီဒေါ** အစည်းအဝေးသို့ သွားမည့် (အနည်းဆုံး အမျိုးသမီး ကိုယ်စား လှယ် ၇–ဦး) | ဂျီနီဗာ | အောက်တိုဘာလ ၂၅ – နိုဝင်ဘာလ ၄ ရက် |

**နောက်ဆက်တွဲ(၂)** **စီဒေါ စင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ် စီမံချက်အတွက် လုပ်ငန်းအဖွဲ့ (အမာခံ အဖွဲ့)**

| | |
|---|---|
| နန်းလောဝ်လျှန်းဝမ်း (ဒွေးဒွေး) | အဖွဲ့ခေါင်းဆောင်၊ သတင်း၊ မှတ်တမ်းနှင့် သုတေသနဌာန တာဝန်ခံ |
| နန်းယဉ် | အထွေထွေအတွင်းရေးမှူး (၂၀၀၇ – ၂၀၀၈) |
| နော်ထူးဖော | အဓိက ဆက်သွယ်ရေးတာဝန်ခံ |
| မသွယ်ဇင်တိုး | လက်ထောက် ဆက်သွယ်ရေးတာဝန်ခံ |
| ယိင်းစံ | သတင်း၊ မှတ်တမ်းနှင့် သုတေသနဌာန လက်ထောက်တာဝန်ခံ |
| အန်း အဒမ်စ် (Ann Adams) | သတင်း၊ မှတ်တမ်းနှင့် သုတေသန စေတနာ ဝန်ထမ်း |

**နောက်ဆက်တွဲ(၃)** **အဖွဲ့အစည်းများမှ စီဒေါ အစီရင်ခံစာအတွက် အဓိက ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ**

| | |
|---|---|
| ၁။ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) | ဆာဖောကြည် |
| ၂။ ကချင်အမျိုးသမီးအစည်းအရုံး – ထိုင်းနိုင်ငံ (KWAT) | ဂျူလီယာ မာရစ် |
| ၃။ ကရင်အမျိုးသမီးအစည်းအရုံး (KWO) | ချိုချိုသာထက် |
| ၄။ ကရင်နီအမျိုးသမီအဖွဲ့အစည်း (KNWO) | နော်ယူးယူ |
| ၅။ ကူကီးအမျိုးသမီးလူ့အခွင့်အရေးအစည်းအရုံး (KWHRO) | ကင်ဘွိုင် |
| ၆။ လားဟူအမျိုးသမီးအစည်းအရုံး (LWO) | နာခန်းဘို |
| ၇။ ပလောင်အမျိုးသမီးအဖွဲ့ချုပ် (PWO) | လွေးမိုးခမ်း |
| ၈။ ပအိုဝ့်အမျိုးသမီးသမဂ္ဂ (PWU) | နန်းဇွန်မိုး |
| ၉။ ရခိုင်အမျိုးသမီးအစည်းအရုံး (RWU) | စောလှမြတ်သူ |
| ၁၀။ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း (SWAN) | ယုဝတီ |
| ၁၁။ ထားဝယ် အမျိုးသမီးသမဂ္ဂ (TWU) | လွင်လွင်လှိုင် |
| ၁၂။ မြန်မာနိုင်ငံ အမျိုးသမီးအခွင့်အရေးနှင့် လူမှုဖူလုံရေးအဖွဲ့ (WRWAB) | မနင်ဇီ |
| ၁၃။ ချင်းလဲန်း အမျိုးသမီးများအဖွဲ့ချုပ် (WLC) | ချယ်ရီဇာဟောင် |
| ၁၄။ မွန်အဖွဲ့များ | မိဂျရိုင်းနွှန် |

နောက်ဆက်တွဲ(၄)။ **ဂျီနီဗာတွင်ကျင်းပမည့် (၄၂) ကြိမ်မြောက် စီဒေါ အစည်းအဝေးသို့ တက်ရောက်မည့် မြန်မာနိုင်ငံမှ အမျိုးသမီး စည်းရုံးရေး ကိုယ်စားလှယ် အဖွဲ့အတွက် ရှင်းလင်းချက် စာတမ်း**

၁။ **ညီလာခံအမည်** – ၂၀၀၈ ခုနှစ် အောက်တိုဘာ – နိုဝင်ဘာလ တွင် ကျင်းပမည့် (၄၂) ကြိမ်မြောက် စီဒေါ အစည်းအဝေး
၂။ **ကျင်းပမည့်နေရာ** – ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့
၃။ **ကျင်းပမည့်အချိန်** – ၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၄–
၄။ ကိုယ်စားလှယ် အဖွဲ့၏ ရည်ရွယ်ချက်များ

- အစည်းအဝေးကာလအတွင်း IWRAW ၏ "ကမ္ဘာလုံးဆိုင်ရာ အဆင့်မှ ဒေသတွင်းသို့" ဆွေးနွေးပွဲနှင့် လှုပ်ရှားမှုများ၌ တက်တက်ကြွကြွပါဝင်ရန်
- မြန်မာ့နိုင်ငံအရေး သုံးသပ်ချက်၊ စစ်အစိုးရ၏ စုပေါင်းထားသော နိုင်ငံတော်အစီရင်ခံစာအတွက် ကော်မီတီ အဖွဲ့ဝင်များ အား နောက်ဆုံး သတင်းများပေးရန်နှင့် ၎င်းတို့၏ နိဂုံးချုပ်လေ့လာသုံးသပ်ချက်များတွင် မိမိတို့၏ အရေးကိစ္စများနှင့် မေးခွန်းများ၊ ဖော်ပြလိုသည့် စကားရပ်များ ပါဝင်စေရန် အနီးကပ်စည်းရုံးရန်။
- ဒေသများတွင် အမျိုးသမီးအဖွဲ့များမှ စည်းလုံးညီညွတ်မှုနှင့် ထောက်ပံ့မှု ပေါင်းစည်းရယူရန် နှင့် စီဒေါနိုင်ငံတကာ ကွန်ယက်များ ပိုမိုအားကောင်း ကျယ်ပြန့်လာစေရန်။
- မြန်မာအမျိုးသမီးအဖွဲ့များ အပေါ် အခြားဒေသများ၏ နိုင်ငံများမှ သိရှိမှု တိုးမြင့်လာစေရန်။
- မိမိတို့၏ ကွန်ယက်ကို ပေါင်းစည်းရန် ဂျီနီဗာအခြေစိုက် မြန်မာ့အရေး ထောက်ခံသောအဖွဲ့နှင့် အခြားအမျိုးသမီးအဖွဲ့များနှင့် တွေ့ဆုံရန်။
- မြန်မာနိုင်ငံမှ စစ်အုပ်စုကို စိန်ခေါ်သည့် ခြေလှမ်း တိုးလှမ်းရန် /IWRAW ၏ ကွန်ယက်များမှ တဆင့် နိုင်ငံတကာ အမျိုးသမီး လှုပ်ရှားမှု မှ စည်းလုံးညီညွတ်မှုနှင့် အထောက်အပံ့များ ရယူနိုင်ရန်။

## ၅။ လှုပ်ရှားမှုများ

### (က) ခရီးစဉ် မတိုင်မီကာလ

| | |
|---|---|
| **စက်တင်ဘာ** | စင်ပြိုင်အစီရင်ခံစာကို အပြီးသတ်ခြင်း။<br>မြန်မာနိုင်ငံဆိုင်ရာ အချက်အလက် စာရွက်စာတမ်းများ + ဗီဇာ+ ရံပုံငွေကို အကြမ်းဆွဲခြင်း။<br>စင်ပြိုင်အစီရင်ခံစာဘာသာပြန်ကို နောက်ဆုံးတည်းဖြတ်ခြင်း။ |
| **အောက်တိုဘာ ၁ – ၁၄ ရက်နေ့** | အင်္ဂလိပ် ဘာသာဖြင့် စာအုပ်ပြင်ဆင်ခြင်း။ စည်းရုံးလှုံ့ဆော်ရေး ခရီးစဉ်အတွက် ဗျူဟာများ ချမှတ်ပြင်ဆင်ခြင်း။ ထောက်ပံ့ရေး ကိစ္စများ အချောသတ် စီစဉ်ခြင်း။ မြန်မာ ဘာသာ ပြန်ဆိုခြင်းနှင့် တည်းဖြတ်ခြင်း၊ ပြန်လည် အချောကိုင်ခြင်း။ ပုံနှိပ်ခြင်း။ |

| | |
|---|---|
| အောက်တိုဘာ ၁၅–၁၇ ရက်နေ့ လျာထားချက် | စာအုပ်ဖြန့်ချိရန် ပြင်ဆင်သည့် အစည်းအဝေး၊ သတင်းစာ ရှင်းလင်းပွဲ။ မည်သူ၊ မည်သည့်ကိစ္စ၊ မည်သည့်အချိန်။<br>မြန်မာဘာသာပြန် တည်းဖြတ်ခြင်း၊ အချောသတ်ခြင်း +အောက်တိုဘာ ၂၂ မတိုင်ခင် ပုံနှိပ်ခြင်း။ |
| အောက်တိုဘာ ၁၉ – ၂၂ ရက်နေ့ | ဂျီနီဗာသို့သွားမည့် စည်းရုံးရေးအဖွဲ့ဝင်များကြား  ဆွေးနွေးပွဲငယ်ကျင်းပခြင်း။ မျှော်လင့်ချက်များ၊ စည်းရုံးရေး ခရီးစဉ်အတွင်း အဖွဲ့ဝင် တဦးအတွက် ယေဘုယျ ခြုံငုံနားလည်မှု၊ အစည်းအဝေးများနှင့် ဗီဇာကိစ္စ၊ ယူဆောင်သွားမည့်ပစ္စည်းများ စသည်တို့ အပါအဝင် ခရီးသွားလာရေးများ၊ ဗီဇာကိစ္စ – မည်သူ၊ မည်သည့်ကိစ္စ၊ မည်သည့် အချိန်။ |

<u>(ခ)ခရီးစဉ်ကာလအတွင်း</u>

<u>(၁)အထွေထွေ လှုပ်ရှားမှုများ</u>

| | |
|---|---|
| အောက်တိုဘာ ၂၅မှ နိုဝင်ဘာ၃ | |
| နေ့အချိန် | IWRAW ၏ “ကမ္ဘာလုံးဆိုင်ရာ အဆင့်မှ ဒေသတွင်းသို့” စည်းဝေးပွဲ၌ တက်ကြွစွာပါဝင်ခြင်း။ (၎င်းတို့၏ အချိန်ဇယားကိုညွှန်းပါ) |
| ညနေခင်း အချိန် အများစု | ဧည့်ဂေဟာ၏ အခန်းတွင် သို့မဟုတ် ညစာစားစဉ် အနည်းဆုံး နာရီဝက်ခန့် တနေ့တာ အတွေ့အကြုံများ မေးမြန်းမှတ်သားခြင်း၊ ဆွေးနွေးသုံးသပ်ခြင်း၊ နောက်တစ်နေ့အတွက် ပြင်ဆင်ခြင်း။ |

<u>(၂) အသေးစိတ် လှုပ်ရှားမှုများ</u>

| | |
|---|---|
| အောက်တိုဘာ၂၅–၂၆ | “ကမ္ဘာလုံးဆိုင်ရာ အဆင့်မှ ဒေသတွင်းသို့” စည်းဝေး ဆွေးနွေးပွဲတက်ရောက်ခြင်း + ထုတ်ပြန်ကြေညာချက်များ အပြီးသတ်ခြင်း။ |
| အောက်တိုဘာ၂၇ | ဂျီနီဗာ၌ စီဒေါကော်မီတီနှင့် အလွတ်သဘော တွေ့ဆုံပွဲများ ပြုလုပ်နေစဉ်တွင်၊ ထိုင်းနိုင်ငံရှိ အဖွဲ့ များက ထုတ်ပြန်ကြေညာချက်များ ဖြန့်ချိခြင်း၊ စာအုပ် ထုတ်ဝေဖြန့်ချိပွဲ၊ သတင်းစာရှင်းလင်းပွဲ |
| အောက်တိုဘာ၂၈–၂၉ | ကွန်ယက် အဖွဲ့ဝင်များနှင့် အလွတ်သဘော တွေ့ဆုံပွဲပြုလုပ်ခြင်း။ |
| အောက်တိုဘာ ၃၀ | စီဒေါ အစည်းအဝေးကို တက်ရောက်လေ့လာခြင်း။ |

| | |
|---|---|
| **အောက်တိုဘာ ၃၁** | စီဒေါကော်မီတီအဖွဲ့ဝင်များနှင့် နေ့လယ်စာစားရင်း တွေ့ဆုံစည်းဝေးခြင်း။ (နေ့လည်စာ စားချိန်) မြန်မာ့အရေး ထောက်ခံသော အဖွဲ့များနှင့် တွေ့ဆုံခြင်း။ ဆွစ်–မြန်မာအဖွဲ့အစည်း (Association Swiss Birmanine --ASB) နှင့် တွေ့ဆုံခြင်း။ |
| **နိုဝင်ဘာ ၁** | မိတ်ဆွေများ၊ ကွန်ယက်များနှင့် အလွတ်သဘော တွေ့ဆုံခြင်း။ |
| **နိုဝင်ဘာ ၂** | နေ့အချိန် အားလပ်သည်။ မြန်မာနိုင်ငံ အစီရင်ခံစာ ပြန်လည်သုံးသပ်မည့် အစည်းအဝေးအတွက် ပြင်ဆင်ထားရန်။ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတွင်းရှိ အဖွဲ့များအတွက် ဝက်ဘ်မှ ထုတ်လွှင့်ခြင်း ပြုနိုင်ရန် (Webcast, Skype, webcam) စသဖြင့် ပြင်ဆင်ထားရန်။ |
| **နိုဝင်ဘာ ၃** | မြန်မာနိုင်ငံ အစီရင်ခံစာအပေါ် သုံးသပ်ချက်။ သတင်း မီဒီယာ အင်တာဗျူးများ။ (စီဒေါကော်မီတီ အဖွဲ့ဝင်များနှင့် တဦးချင်း တွေ့ဆုံမှုများ) |

**(၆) မဟာဗျူဟာများ**

- NGO အဖွဲ့၏ ထုတ်ပြန်တင်ပြချက် ဖတ်ကြားခြင်း။
- စီဒေါကော်မီတီ အဖွဲ့ဝင်များနှင့် အလွတ်သဘော တွေ့ဆုံပွဲများ ပြုလုပ်ခြင်း။
- စီဒေါ ကော်မီတီ အဖွဲ့ဝင်များကို အလွတ်သဘော ချည်းကပ်စည်းရုံးခြင်း။
- အခြားသော နိုင်ငံများမှ NGOs အဖွဲ့များနှင့် သတင်းဖလှယ်ခြင်း။
- စင်ပြိုင်အစီရင်ခံစာ “စစ်အာဏာရှင် ကြီးစိုးမှု မှောင်ရိပ်” ကိုထုတ်ပြန်ခြင်း။
- ဂျီနီဗာတွင် အခြေစိုက်သော မြန်မာ့အရေး ထောက်ခံသည့် အဖွဲ့များနှင့် တွေ့ဆုံခြင်း။
- NGO အဖွဲ့၏ နှုတ်ဖြင့် တင်ပြချက်နှင့် နိုင်ငံတော် အစိုးရ၏ အစီရင်ခံစာအပေါ် သုံးသပ်ချက်ပြုလုပ်နေစဉ် မြန်မာ့ သတင်း မီဒီယာများသို့ သတင်းပေးပို့ ခြင်း။
- ဂျီနီဗာနှင့် ဥရောပအခြေစိုက် သတင်းမီဒီယာများကို သတင်းပေးခြင်း။

**(၇) ပြင်ဆင်ထားသော စာရွက် စာစောင် ပစ္စည်းများ**

- “စစ်အာဏာရှင် ကြီးစိုးမှု မှောင်ရိပ်” စင်ပြိုင် အစီရင်ခံစာအတွက် သတင်းထုတ်ပြန်ချက်။
- စစ်အာဏာရှင် ကြီးစိုးမှု မှောင်ရိပ် စင်ပြိုင် စာအုပ်အစီရင်ခံစာ (ပုံနှိပ်စာအုပ်များနှင့် စီဒီများ)
- မြန်မာနိုင်ငံအကြောင်း သတင်း အချက်အလက် စာအုပ်ငယ်(ပုံနှိပ်– ကြုံတွေ့နေရသော ပြဿနာများ၊ အကြံပြုချက်များနှင့် မေးခွန်းများဆိုင်ရာ အကျဉ်းချုပ်အချက်အလက်များ)
- နှုတ်ဖြင့် တင်ပြချက်၊ ထုတ်ပြန်ကြေညာချက်ဖတ်ကြားခြင်း
- ထုတ်ဝေထားသည့် စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ အမျိုးသမီးအဖွဲ့များ၏ လက်ကမ်းကြော်ငြာများ၊
- စာအုပ်ထုတ်ဝေဖြန့်ချိမှုအတွက် လက်ကမ်းကြော်ငြာများ
- နေ့လယ်စာ စားချိန် တွေ့ဆုံပွဲအတွက် လက်ကမ်းကြော်ငြာများ
- IWRAW-AP မှ စာရွက်စာတမ်းများ

## (၈) နောက်ဆက်တွဲ လုပ်ဆောင်မှုများ –စီဒေါစည်းရုံးရေးခရီးစဉ် အပြီး

ကိုယ်စားလှယ်များအားလုံးအနေနှင့် ၎င်းတို့၏ပါဝင်ဆောင်ရွက်မှုအပေါ် အစီရင်ခံစာ၊ ၎င်းတို့၏ရည်ရွယ်ချက်၊ မည်သည့် လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်၊ ၎င်းတို့၏ အောင်မြင်မှုများနှင့် ရရှိခဲ့သော ရလဒ်၊ ရရှိခဲ့သော သင်ခန်းစာများကို ရေးသား ဖော်ပြရန် လိုအပ်ပါသည်။

ရလဒ်များနှင့် စီဒေါ စည်းရုံးရေး ခရီးစဉ် အစီရင်ခံစာတို့ကို နိုင်ငံတကာသို့ အသိပေးစည်းရုံး တင်ပြခြင်း ကိစ္စတွင် သာမက၊ အဆင့်ဆင့် လှုပ်ရှားမှု များနှင့် အခြေအနေအသီးသီးတွင် ပိုမိုကျယ်ပြန့် ပြည့်စုံသော လုပ်ငန်းစဉ်များနှင့် ဒေသတွင်းမှ ကမ္ဘာလုံးဆိုင်ရာ အဆင့်သို့ အသိပေးစည်းရုံး တိုက်တွန်းခြင်းကို ချိတ်ဆက်ခြင်းအားဖြင့် ကိုယ်စားလှယ်တဦး၏ မိခင်အဖွဲ့ အစည်းများအတွက် မဟာဗျူဟာမြောက် အစီအမံများ ဖန်တီးရန် အတွက်လည်း အသုံးပြုနိုင်သည်။

## (၉) အခြား သတင်းအချက်အလက်များ

အများစုမှာ ဂျီနီဗာသို့ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ရောက်ရှိပြီး ကျန်သူများမှ နိုဝင်ဘာလ ၄ ရက်၊ ၂၀၀၈ ခုနှစ်တွင် ရောက်ရှိကြသည်။

## ကိုယ်စားလှယ် အဖွဲ့တွင် ပါဝင်သူများ

၁။ နန်းလောဝ်လျှန်းဝမ်း (ဒွေးဒွေး) (စီဒေါ လုပ်ငန်းစဉ် အဖွဲ့ခေါင်းဆောင်နှင့် အထွေထွေ ဆက်သွယ်ရေးတာဝန်ခံ)
၂။ နော်ထူးဖော (စီဒေါ စင်ပြိုင်အစီရင်ခံစာလုပ်ငန်းစဉ်အတွက် အဓိကဆက်သွယ်ရေး တာဝန်ခံ)
၃။ သွယ်ဇင်တိုး (စီဒေါ စင်ပြိုင်အစီရင်ခံစာလုပ်ငန်းစဉ်အတွက် လက်ထောက် ဆက်သွယ်ရေးတာဝန်ခံ)
၄။ ယိင်းဇံ (စီဒေါ လုပ်ငန်းအဖွဲ့ဝင်၊ **IDR** ဌာန၏ လက်ထောက်တာဝန်ခံ)
၅။ လွေးမိုးခမ်း (ပလောင်အမျိုးသမီး အစည်းအရုံး)
၆။ ဂျူလီယာ မာရစ် (ကချင်အမျိုးသမီးအစည်းအရုံး– ထိုင်းနိုင်ငံ)
၇။ ချယ်ရီ ဇာဟောင် (ချင်းလဲန်း အမျိုးသမီးများအဖွဲ့ချုပ်– အိန္ဒိယအခြေစိုက်)
၈။ ဗလင်တီနာ စိုး (တသီးပုဂ္ဂလ)
၉။ နန်းချန်တောင်း **(SWAN)** က သူမ၏ ဥရောပ စည်းရုံးရေး ခရီးစဉ်လာရောက်ရင်း  တက်ရောက်ခြင်း ဖြစ်သည်။

## တရားဝင်အသိအမှတ်ပြုမှုနှင့် ကုလသမဂ္ဂ ဝင်ခွင့်လက်မှတ် – IWRAW-AP က ဆောင်ရွက်ပေးမည်။

**ရံပုံငွေ**
IWRAW-AP ၏ ရံပုံငွေ – နော်ထူးဖော၊ သွယ်ဇင်တိုး၊ ဂျူလီယာမာရစ်၊ ချယ်ရီဇာဟောင်တို့၏ ခရီးစရိတ်
EBO via NRP ရုံးမှ တဆင့် ရံပုံငွေ – ယိင်းစံ၊ လွေးမိုးခမ်းနှင့် ဒွေးဒွေးတို့၏  ခရီးစရိတ်

နောက်ဆက်တွဲ(၅)။ "ဂျီနီဗာ၌ စည်းရုံးရေး သီတင်းပတ် ကာလအတွင်း လှုပ်ရှားမှုအသေးစိတ်များ"

**အောက်တိုဘာ ၂၄**

- ကုလသမဂ္ဂ ဝင်ခွင့်လက်မှတ်ရရန်နှင့် ကုလသမဂ္ဂ၏ အဆောက်အအုံနှင့် အသားကျစေရန် ကုလသမဂ္ဂ အဆောက်အအုံသို့ သွားခြင်း
- စီဒေါကော်မီတီနှင့် ဆလိုဗေးနီးယားအစိုးရတို့ကြား အပြုသဘောဆောင်သည့် ဆွေးနွေးပွဲကို လေ့လာခြင်း
- စီဒေါကော်မီတီနှင့် မွန်ဂိုလီးယားအစိုးရတို့ကြား အပြုသဘောဆောင်သည့် ဆွေးနွေးပွဲကို လေ့လာခြင်း

**အောက်တိုဘာ ၂၅-၂၆**

- IWRAW ကစီစဉ်ပေးသော ကုလသမဂ္ဂ အဆောက်အအုံ၌ လှည့်လည်ကြည့်ရှုခြင်း။ NGO အခန်း၊ ကုလသမဂ္ဂ စာကြည့်တိုက်၊ စားသောက်ခန်း ကော်ဖီဆိုင်၊ အခန်း ၁ နှင့် ၂ စသည်ဖြင့် )
- "ကမ္ဘာလုံးဆိုင်ရာအဆင့်မှ ဒေသတွင်းသို့" သင်တန်းတက်ရောက်ခြင်း။
- နှုတ်ဖြင့် တင်ပြချက်ကို အချောသတ်ရေးသားခြင်း။ အစမ်းလေ့ကျင့်ခြင်း။
- မေးနိုင်ခြေရှိသော မေးခွန်းနှင့် အဖြေများ ပြင်ဆင်ခြင်း။
- နှုတ်ဖြင့် ထုတ်ပြန်တင်ပြချက်ကို ဖတ်၍ လေ့ကျင့်ခြင်း။

**အောက်တိုဘာ ၂၇**

- ကုလသမဂ္ဂ၌ ကျင်းပသော NGOs များနှင့် စီဒေါ ကော်မီတီတို့အကြား အလွတ်သဘော တွေ့ဆုံစည်းဝေးပွဲသို့ တက်ရောက်ခြင်း။
- ယိုင်းစံနှင့် နော်ထူးဖောက နှုတ်ဖြင့် ထုတ်ပြန်တင်ပြချက်ကို ဖတ်ပြပြီး၊ အဖွဲ့ဝင်များက စီဒေါကော်မီတီ အဖွဲ့ဝင်များမေးနိုင်မည့် မေးခွန်းများအား လေ့ကျင့်ဖြေကြားခြင်း။
- တင်ပြခဲ့သော မေးခွန်းများ။ စီဒေါ လုပ်ငန်းစဉ်၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးပညာပေးမှု၊ စစ်တပ်၊ စစ်သားများအတွက် လူ့အခွင့်အရေး ပညာပေးသင်တန်း၊ နာဂစ် ဒဏ်ခံဒေသများရှိ အမျိုးသမီးများ၏ လက်ရှိအခြေအနေနှင့် ကျန်းမာရေး အထောက်အကူ ပစ္စည်းရရှိထားသည့် ပမာဏ၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်ခြင်း၊ လိင်မှုဆိုင်ရာနှင့် အခြားအကြမ်းဖက်မှု ပုံစံများ ခံရသည့် ဒုက္ခသည်များအတွက် ဝန်ဆောင်မှု ရှိ-မရှိ။
- ညနေပိုင်းတွင် ပေါ်တူဂီ၊ ဘာရိန်း၊ အယ်လ်-ဆာဗေဒေါနိုင်ငံတို့မှ အခြား NGO အဖွဲ့များနှင့် အတွေ့အကြုံ မေးမြန်း ရှင်းလင်းခြင်း။

## စင်ပြိုင်အစီရင်ခံစာ "စစ်အာဏာရှင် ကြီးစိုးမှု မှောင်ရိပ်" စာအုပ် ထုတ်ဝေဖြန့်ချိခြင်း။

မြန်မာနိုင်ငံ၏ စီဒေါ စင်ပြိုင်အစီရင်ခံစာ "စစ်အာဏာရှင် ကြီးစိုးမှု မှောင်ရိပ်" အစီရင်ခံစာ စာအုပ်ကို ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ တနင်္လာနေ့တွင် WLB က စီစဉ်ထုတ်ဝေ ဖြန့်ချိခဲ့သည်။

၎င်းအခမ်းအနားတွင် တင်ပြဆွေးနွေးသူ (၃) ဦးက စီဒေါ စာချုပ်၏ နောက်ခံအခြေအနေနှင့် လုပ်ငန်းစဉ်အကြောင်း၊ လုပ်ငန်းစဉ် ၌ ပါဝင်ဆောင်ရွက်ခြင်း၏ အတွေ့အကြုံများ အကြောင်းနှင့် အစီရင်ခံစာ၏ တွေ့ရှိချက်များအကြောင်းကို ပြောဆို တင်ပြခဲ့သည်။ ၎င်းဆွေးနွေးပွဲသို့ ဒေသတွင်း အခြေစိုက်သော WLB ၏ အဖွဲ့ဝင် အဖွဲ့ အစည်းများ၊ သင်တန်းကျောင်းများ၊ လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) (HREIB)၊ ရှမ်းလူငယ်စွမ်းအားအဖွဲ့ (Shan Youth Power) နှင့် CACT တို့ အပါအဝင် အဖွဲ့အစည်းအသီးသီးမှ လူ

(၆၃) ဦး တက်ရောက်ခဲ့သည်။ အလှူရှင်အဖွဲ့အစည်းများဖြစ်သော အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး အစီအစဉ် (NRP) နှင့် BRC တို့လည်း တက်ရောက်ကြသည်။ WLB စီဒေါ် အစီရင်ခံစာ အတွက် ပါဝင်ကူညီကြသည့် ကျွမ်းကျင်သူများ ဖြစ်သော ဒေါက်တာဗစ် (Dr. Vit) နှင့် သတင်းဌာနများ ဖြစ်သည့် ဒီဗွီဘီ (DVB)၊ အင်န်အမ်ဂျီ (NMG)၊ လွတ်လပ်သော အာရှအသံ (RFA) နှင့် အမေရိကန် အသံ (VOA) ဗွီအိုအေတို့မှ သတင်းထောက်များလည်း တက်ရောက်ခဲ့ကြသည်။

## အောက်တိုဘာ ၂၈ ရက်

- နေ့လယ်စာ စားချိန် ဆွေးနွေးပွဲ အတွက် ပုံနှိပ်စာစောင်၊ စာတန်း ပစ္စည်းများ၊ ဖိတ်ကြားစာများနှင့် အခြားလိုအပ်သည့် ပစ္စည်းများ ပြင်ဆင်ခြင်း။

## အောက်တိုဘာ ၂၉ ရက်

- ဘာရိန်း အဲန်ဂျီအို အဖွဲ့က နေ့လည်စာ စားချိန် အလွတ်သဘော ဆွေးနွေးပွဲတွင် စီဒေါ် ကော်မီတီဝင်များသို့ တင်ပြသည့် ဆွေးနွေးပွဲကို စောင့်ကြည့်လေ့လာခြင်း။
- နေ့လည်စာ စားချိန်ဆွေးနွေးပွဲမှ အတွေ့အကြုံများ၊ သင်ခန်းစာများကို ဖလှယ်၍ မြန်မာနိုင်ငံကိစ္စအတွက် သင်ခန်းစာယူ၊ ပြင်ဆင်သည်။

## အောက်တိုဘာ ၃၀ ရက်

- စီဒေါကော်မီတီ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ ဝန်ထမ်း စီဒေအေတွင်းရေးမှူးရုံးနှင့် ကွန်ယက်အဖွဲ့များထံသို့ ဖိတ်ကြားစာများ ပေးပို့သည်။
- ဘာရိန်းနိုင်ငံ၏ နိုင်ငံအဆင့် အစီရင်ခံစာအပေါ် သုံးသပ်သည့် အစည်းအဝေးသို့ တက်ရောက်လေ့လာသည်။ ကော်မီတီ၏ လုပ်ငန်း အစီအစဉ်များကို လေ့လာကြသည်။
- ပေါ်တူဂီနိုင်ငံကိစ္စ နေ့လည်စာစားချိန် အစည်းအဝေးကို လေ့လာကြသည်။
- တနေ့တာ ပြန်လည် သုံးသပ်မှု ပြုသည်။

## အောက်တိုဘာ ၃၁ ရက်

- စီဒေါ် ကော်မီတီဝင်များနှင့် နေ့လယ်စာ စားချိန် ဆွေးနွေးပွဲ ပြုသည်။
- တင်ပြခဲ့သော မေးခွန်းများမှာ – မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနောက်ခံ၊ အဲန်ဂျီအိုများ ဖွဲ့စည်းရန်အတွက် လုပ်ငန်းစဉ်နှင့် ထိန်းချုပ်ထားသော ဥပဒေစည်းမျဉ်းများ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး အခြေအနေ၊ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီး အဖွဲ့အစည်းများ အခြေအနေ၊ မိန်းကလေးများနှင့် ကျန်းမာရေးနှင့် ပညာရေး ရရှိပိုင်ခွင့်၊ ယခု ကိုယ်စားလှယ်အဖွဲ့ဝင်များက မည်သို့မည်ပုံ အင်္ဂလိပ်စာ ကျွမ်းကျင်တတ်မြောက်လာသည်ကို ရှင်းပြကြပါသည်။
- ညနေပိုင်းတွင် ပြန်လည်သုံးသပ်မှု ပြုကြသည်။
- မြန်မာ့အရေး ထောက်ခံသည့် အဖွဲ့တခုဖြစ်သော ဆွစ်–မြန်မာအသင်း (Association Swiss-Burmanine) အဖွဲ့ဝင်များနှင့် ညစာစားရင်း တွေ့ဆုံသည်။ စီဒေါ် စင်ပြိုင် အစီရင်ခံစာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နိုဝင်ဘာ ၁ ရက်

- မြန်မာ့အရေးကို နှစ်ရှည်လများ ထောက်ခံကူညီခဲ့ကြသည့် ဆွစ် မိသားစုများနှင့် ညစာစားသည်။ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများနှင့် စီဒေါစင်ပြိုင် အစီရင်ခံစာနှင့် ပတ်သက်၍၊ ကိုယ်စားလှယ် အဖွဲ့ဝင်များ၏ အကြောင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

နိုဝင်ဘာ ၂ ရက်

- မြန်မာ့အရေး ထောက်ခံသည့် အဖွဲ့တွင် အလုပ်သင်ဆောင်ရွက်နေကြသူ ကျောင်းသားများနှင့် အချို့သော ကိုယ်စားလှယ် အဖွဲ့ဝင်များက စကားပြောကြားသည်။ စီဒေါစင်ပြိုင် အစီရင်ခံစာနှင့် ပတ်သက်၍၊ ကိုယ်စားလှယ်အဖွဲ့နှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

နိုဝင်ဘာ ၃ ရက်

- စီဒေါ ကော်မီတီက မြန်မာနိုင်ငံ အစိုးရက တင်သွင်းလာသည့် အစီရင်ခံစာနှင့် ပတ်သက်၍ သုံးသပ်စစ်ဆေးသည်။ (ကြားနာမှုကို OHCHR ၏ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်သည်။ )
- ညနေပိုင်းတွင် ပြန်လည်သုံးသပ် အစည်းအဝေးလုပ်သည်။
- ဆွစ်သတင်းထောက်များနှင့် တွေ့ဆုံ ဖြေကြားသည်။
- ဆွစ်–မြန်မာအသင်း (Association Swiss-Burmanine) အဖွဲ့ဝင်များနှင့် သူတို့၏ ပုံနှိပ်ထုတ်ဝေသည့် ဂျာနယ်တွင် ဖော်ပြရန် တွေ့ဆုံ ဖြေကြားသည်။

နိုဝင်ဘာ ၄ ရက်

- ဂျီနီဗာ အခြေစိုက် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အဖွဲ့ (Rights and Democracy) အဖွဲ့ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး UPR လုပ်ငန်းစဉ်ကိစ္စ မေးမြန်းပြောဆိုသည်။ သူတို့အဖွဲ့၏ နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှု ရနိုင်– မရနိုင် မေးမြန်းစုံစမ်းသည်။
- ယခင်ကတည်းက ကာလကြာရှည် ကွန်ယက်ချိတ်ဆက်ထားသူများနှင့် အလွတ်သဘော ညစာစား တွေ့ဆုံသည်။ စီဒေါ အတွေ့ အကြုံ ပြန်လည်သုံးသပ်ကြပြီး၊ နောက်နောင်တွင် ဂျီနီဗာတွင် လာရောက်စည်းရုံး လှုံ့ဆော်ရာ၌ မည်သို့ပူးပေါင်း ဆောင်ရွက်မှု ပိုကောင်း အောင် ဆောင်ရွက်နိုင်မည်ကို ဆွေးနွေးကြသည်။ (ဥပမာအားဖြင့် – လူ့အခွင့်အရေး ကောင်စီနှင့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကုလသမဂ္ဂ အထူး အရာရှိ စသဖြင့်)။

**၁။ ဗွီအိုအေ သတင်းမှ–**
**အမျိုးသမီး အခွင့်အရေး ချိုးဖောက်မှုအပေါ် မြန်မာစစ်အစိုးရ ဝေဖန်ခံရ**
၂၇ ရက်၊ အောက်တိုဘာ၊ ၂၀၀၈ ခုနှစ်။

မြန်မာစစ်အစိုးရက ဦးဆောင်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ထဲမှာ အမျိုးသမီးနဲ့ အမျိုးသား တန်းတူညီမျှ ရေးကို မြှင့်တင်ဖို့ ပျက်ကွက်ခဲ့တယ်ဆိုတဲ့ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာတွေကို (CEDAW) လို့ခေါ်တဲ့ အမျိုးသမီးများအပေါ် နည်းမျိုးစုံနဲ့ ခွဲခြားဆက်ဆံမှုပပျောက်ရေး ကုလသမဂ္ဂရဲ့ ကော်မီတီကို တင်သွင်းခဲ့ကြပါတယ်။

WLB လို့ခေါ်တဲ့ မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ်ကလည်း ဒီအကြောင်းနဲ့ပတ်သက်တဲ့ ကြေညာချက်တစောင်ကို ဒီကနေ့ ထုတ်ပြန်ခဲ့ပြီး အခုလို အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှမှုတွေကို စစ်အစိုးရရဲ့ ဖွဲ့စည်းပုံဥပဒေမှာ မြှင့်တင်ဖို့ ပျက်ကွက်တာဟာ အစိုးရအဖွဲ့ထဲမှာ စစ်တပ်ဘက်က ၂၅% နေရာယူထားလို့ပဲလို့ ဆိုပါတယ်။

မြန်မာ့လူမှုအသိုင်းအဝိုင်းမှာ အမျိုးသားတွေကပဲ ရှေ့တန်းက နေရာရတယ်၊ စစ်တပ်ကြီးစိုးမှု ရှိတဲ့နိုင်ငံဖြစ်တယ်၊ စစ်တပ်မှာလည်း အားလုံးလိုလိုဟာ အမျိုးသားတွေပဲ လွှမ်းမိုးထားတယ်လို့ ဆိုပါတယ်။

CEDAW အဖွဲ့ကနေပြီး မြန်မာစစ်အစိုးရက ဒီနှစ်တင်သွင်းတဲ့ အမျိုးသမီး အခွင့်အရေးဆိုင်ရာ အစီရင်ခံစာကို ကန့်ကွက် ပေးဖို့ (The Global Justice Center) လို့ခေါ်တဲ့ အမေရိကန်နိုင်ငံ နယူးယောက်ခ်မြို့ အခြေစိုက် လူ့အခွင့်အရေးလှုပ်ရှားတဲ့ ရှေ့နေအဖွဲ့က တိုက်တွန်းထားပါတယ်။

မြန်မာစစ်အစိုးရဟာ ကုလသမဂ္ဂရဲ့ တိုက်တွန်းမှုတွေကို မလိုက်နာရုံမက အမျိုးသမီးတွေကို အဓမ္မပြုကျင့်မှုနဲ့ တခြားပြစ်မှုတွေနဲ့ ပတ်သက်ပြီး မြန်မာစစ်ခေါင်းဆောင်တွေက အရေးယူဖို့ စိတ်မပါကြဘူးလို့ (The Global Justice) အဖွဲ့က ပြောပါတယ်။ လာမယ့် နိုဝင်ဘာလ ၄ ရက်နေ့ကျရင် (CEDAW) အဖွဲ့ရဲ့ ၄၂ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပမှာဖြစ်ပါ တယ်။

(http://www.voanews.com/burmese/2008-10-27-voa2.cfm)

**၂။ ဧရာဝတီ သတင်းဂျာနယ်မှ –**

**"စစ်အာဏာရှင် ကြီးစိုးမှုမှောင်ရိပ်" အစီရင်ခံစာ အမျိုးသမီးအဖွဲ့ထုတ်ပြန်**
အေးလှဲ့။ အောက်တိုဘာ ၂၈၊ ၂၀၀၈။

မြန်မာနိုင်ငံတွင် ကျား၊ မ ကွဲပြားမှုအပေါ် ခွဲခြားဆက်ဆံမှုနှင့်ပတ်သက်၍ 'စစ်အာဏာရှင် ကြီးစိုးမှုမှောင်ရိပ်' အမည်ရှိ အစီရင်ခံစာတစောင်ကို ထိုင်းနိုင်ငံအခြေစိုက် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) က အောက်တိုဘာ၂၆ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

WLB (Women's League of Burma) ၏ အစီရင်ခံစာတွင် အမျိုးသမီးနှင့် ပညာရေး၊ ကျန်းမာရေး၊ နယ်စပ်ဒေသ လူကုန်ကူးမှု တိုးပွားနေမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးဖွံ့ဖြိုးရေး၊ နိုင်ငံအနှံ့အပြား အမျိုးသမီးများအပေါ် အကြမ်းဖက်နေမှု စသည့် အဓိကအကြောင်းအရာ ၅ ချက်ကို အခြေခံ ထောက်ပြထားသည်။

ယင်း (WLB) ၏ အစီရင်ခံစာသည် နအဖ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ စီဒေါကော်မီတီ သို့ပေးပို့သည့် အစီရင်ခံစာအပေါ် ထောက်ပြဝေဖန်ထားခြင်း ဖြစ်သည်ဟုလည်းသိရသည်။

၂၀၀၇ ခုနှစ်အတွင်းက ဒုတိယနှင့်တတိယ နှစ်ကြိမ်ပေါင်း စစ်အစိုးရ၏ စီဒေါကော်မီတီသို့ ပေးပို့ထားသော အစီရင်ခံစာများ အရ "မြန်မာအမျိုးသမီးများသည် မမွေးဖွားမီကပင် အမျိုးသမီး အခွင့်အရေးကိုများ ရရှိခံစား နေရသည်" ဆိုသည့် အချက်မှာ လုံးဝမဟုတ်မှန်ကြောင်း (WLB) ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရှေ့လာမည့် နိုဝင်ဘာလ ၃ ရက်နေ့တွင် နအဖ အမျိုးသမီးများကိုယ်စားလှယ် အဖွဲ့က ၎င်းတို့တင်ပြထားသည့် အစီရင်ခံစာ မှန်ကန်ကြောင်း၊ စီဒေါကော်မီတီနှင့် သုံးသပ်မည့် စည်းဝေးပွဲ ပြုလုပ်မည် ဖြစ်ကြောင်းလည်းသိရသည်။

မြန်မာစစ်အစိုးရသည် စီဒေါစာချုပ် (CEDAW – အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ်) ကို ၁၉၉၇ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းတို့၏ ပထမဆုံး အစီရင်ခံစာကို ၁၉၉၉ ခုနှစ်တွင် စီဒေါကော်မီတီသို့ ပေးပို့ခဲ့သည်။ ၎င်းအစီရင်ခံစာကို ၂၂ ကြိမ်မြောက် စီဒေါကော်မီတီက သုံးသပ်ခဲ့ကြောင်းလည်း (WLB) ၏ အစီရင်ခံစာ အနှစ်ချုပ်ပိုင်းတွင် ဖော်ပြထားသည်။

(WLB) အစီရင်ခံစာ ပြုစုသူများထဲမှ တာဝန်ရှိသူ တဦးဖြစ်သည့် ချယ်ရီဇာဟောင်က "နအဖ အစိုးရက တင်ပြထားတဲ့ မြန်မာပြည်မှာရှိတဲ့ အမျိုးသမီးအခွင့်အရေး ချိုးဖောက်မခံရပါဘူး၊ ကျန်းမာရေး၊ ပညာရေးနဲ့ လုပ်ငန်း ကိုင်ငန်းတွေ အားလုံး အဆင်ပြေပါတယ်လို့ ပြောဆိုထားခြင်းအပေါ် မဟုတ်မှန်ကြောင်း ကျမတို့ကလည်း အစီရင်ခံစာမှာသက်သေအချက်အလက်နဲ့ ဖော်ပြထားပါတယ်။ စီဒေါကော်မီတီကလည်း ကုလသမဂ္ဂအဖွဲ့ရဲ့ အစိတ်အပိုင်းဖြစ်တဲ့အတွက် ဒီအချက်အလက်တွေကို နအဖကို ဖိအားပေးပြောဆိုရာမှာ အသုံးပြုနိုင်ပါတယ်" ဟု ပြောသည်။

နအဖ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အစီရင်ခံစာ၌ မြန်မာအမျိုးသမီးများ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ မရှိဟု ဖော်ပြထားသော်လည်း ၂၀၀၅ ခုနှစ် နှင့် ၂၀၀၈ ခုနှစ်အတွင်း တရုတ်–မြန်မာ နယ်စပ်ရှိ မူဆယ်မြို့နှင့် ရွှေလီမြို့များတွင် မြန်မာ အမျိုးသမီးများ အရောင်းအဝယ်ပြုလုပ်ခံရမှု ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း တရုတ်–မြန်မာနယ်စပ် အခြေစိုက် မြန်မာ့အရေးလေ့လာသူ ဦးအောင်ကျော်ဇောက ပြောသည်။

လူမှောင်ခို ပွဲစားများသည် မိသားစုလိုက် မြန်မာလူမျိုးများပင်ဖြစ်ပြီး အရောင်းစားခံ မိန်းကလေးများကို သတ်ဖြတ်သည် အထိဖြစ်လာကြောင်းနှင့် ၎င်းအရောင်းစားခံ မြန်မာမိန်းကလေးများသည် တရုတ်ပြည် အန်းဝေးပြည်နယ်ပိုင်းရှိ တရုတ် လူမျိုးများလက်တွင် နှိပ်စက်မှုအမျိုးမျိုးနှင့် ဆိုးရွားလှသည့် ရာသီဥတုဒဏ်ကို ခံရကြောင်း၊ အသက်ဆုံးရှုံးရမှုများလည်း ရှိကြောင်းတို့ကို ဦးအောင်ကျော်ဇောက ဆက်လက်ပြောဆိုသည်။

တရုတ်ပြည်အိုလံပစ်ပွဲမတိုင်မီ တရုတ်အာဏာပိုင် ဒေသအလိုက်နှင့် လူဝင်မှုကြည့်ကြပ်ရေးတို့ပူးပေါင်းပြီး မှတ်ပုံတင်မရှိဘဲ နေထိုင်သည့် မြန်မာအမျိုးသမီး ၂၀၀ နီးပါး ဖမ်းဆီး ထိန်းသိမ်းခံရကြောင်းလည်း ၎င်းက ပြောသည်။

ထိုသို့ ဖမ်းဆီးခံနေရသူများထဲမှ ၂၄ ဦးကိုမူ ရွှေလီရှိ လူမှောင်ခိုကူးမှုတားဆီးရေးအဖွဲ့သို့ တရုတ်အာဏာပိုင်များက ပို့ဆောင်ခဲ့ကြောင်းလည်း သိရသည်။

“လူမှောင်ခို ရောင်းဝယ်မှုနဲ့ပတ်သက်လို့ မှောင်ခိုဂိုဏ်းတွေ ပပျောက်အောင်တက်တက်ကြွကြွ လုပ်ဆောင်မှုမှာ ဗမာအစိုးရက ထင်သလောက် မလုပ်ဘူး ဖြစ်နေတယ်။ အရောင်းအစားခံရတဲ့ အမျိုးသမီးတွေမှာ အပြန်ခရီးစရိတ်ကအစ ဖြေရှင်းပေးဖို့ အစိုးရ အောက်ခြေဌာန မရှိဘူး” ဟု ဦးအောင်ကျော်ဇောက ပြောဆိုသည်။

(http://www.irrawaddy.org/bur/index.php?option=com_content&view=article&id=347%3A2008-10-29-04-48-17&Itemid=2)

**၃။ ခေတ်ပြိုင်သတင်းစာမှ–**

**အာဏာရှင်မှောင်ရိပ်၌ မြန်မာအမျိုးသမီးများ ကျားမခွဲခြားဆံဆံမှု ဆိုးရွားစွာ ခံနေရ**
ပီတာအောင်/ ၂၈ အောက်တိုဘာ ၂၀၀၈

အာဏာရှင်စနစ် ကြီးစိုးသည့် မြန်မာနိုင်ငံတွင် အမျိုးသမီးများအနေဖြင့် ကျားမခွဲခြားဆက်ဆံမှုကို အစီစဉ်တကျ ကျူးလွန် ဖောက်ဖျက်ခံနေရသည်ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) က အစီရင်ခံစာ ယမန်နေ့က ထုတ်ပြန်ကာ ထုတ် ဖော် ပြောကြားသည်။

‘အာဏာရှင်ကြီးစိုးမှု မှောင်ရိပ်’ ဟု အမည်ပေးထားသည့် ယင်းအစီရင်ခံစာ၌ အမျိုးသမီးနှင့် မိန်းခလေးငယ်များ  လူကုန်ကူးခံ နေရမှု၊ ပညာရေးတွင် သမီးမိန်းခလေး၏ ပညာရေးကို သားယောက်ကျားလေး၏ ပညာရေးလောက် ဦးစားပေးမခံရမှု၊ ကျန်းမာရေး စောင့်ရှောက်မှု ဆိုးဝါးသဖြင့် အမျိုးသမီး (၁၂) ဦးတွင် (၁) ဦး ကိုယ်ဝန်ဆောင်နေစဉ် သေဆုံးနေရမှုနှင့် ကျေးလက်နှင့် တိုင်းရင်းသားဒေသများ၌ နအဖ စစ်တပ်၏ အမျိုးသမီးများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဒေသခံ အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းချက်များနှင့်တကွ တင်ပြထားသည်။

ထို့ပြင် အာဏာရှင်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနေမှုကြောင့် မြန်မာ့လူမှုအသိုင်းအဝန်း၌ အမျိုးသားများလွှမ်းမိုးနေပြီး စစ်တပ်သည် မြို့တိုင်း၊ ရွာတိုင်း၊ အုပ်ချုပ်ရေးအဆင့်တိုင်း၊ အသင်းအဖွဲ့တိုင်းကိုပါ ထိန်းချုပ်ထားကြောင်း လတ်တလော ရေးဆွဲအတည်ပြုထားသည့် အခြေခံ ဥပဒေသည်လည်း ကျား၊ မတန်းတူရေးကိုအာမခံချက် မပေးရုံသာမက အမျိုးသားများ ကြီးစိုးသည့် စစ်တပ်ကို လွှတ်တော်အရပ်ရပ်တွင် လေးပုံတပုံချုပ်ကိုင်ရန်  သတ်မှတ်ထားသည်ဟုလည်း ဝေဖန်ထောက်ပြထားသည်။

မြန်မာနိုင်ငံ၌ရှိနေသည့် ရှေးရိုးစွဲ ပုံစံခွက်ဓလေ့ထုံးတမ်းများကြောင့် မြန်မာအမျိုးသမီးများမှာ နဂိုကတည်းက နှိပ်ချခွဲခြား ဆက်ဆံခံနေကြရရာမှ စစ်အာဏာရှင်စနစ်ကြောင့် ပို၍ ခွဲခြားနှိပ်ချဆက်ဆံခံနေရသည်ဟု (WLB) အထွေထွေအတွင်းရေးမှူး မနန်း ယဉ်က ပြောသည်။

၎င်းက “အမျိုးသမီးတွေ ကိုခွဲခြားဆက်ဆံမှုက ရှေးရိုးစွဲကမ္ဘာကြီးမှာ ရှိခဲ့တယ်။ အဲဒါတွေကိုပယ်ဖျက်ဖို့ နိုင်ငံတကာ သဘောတူစာချုပ်တွေမှာ ပြောထားတယ်။ ဒါပေမယ့် လက်တွေ့စစ်အာဏာရှင်ရဲ့အောက်မှာ ဒီဟာ ပယ်ဖျက်ဖို့ လုံးဝမဖြစ်နိုင်ဘူး။ ဆက်ပြီးတော့ စစ်အာဏာရှင်စနစ် ကြီးစိုးနေသရွေ့တော့ ကျား၊ မတန်းတူရေးဆိုတာ ကိုဘယ်လိုမှ မျှော်လင့်လို့မရနိုင်ပါဘူး။ စစ်တပ်အာဏာပိုင်တွေကနေ ချိုးဖောက်

တဲ့ အမျိုးသမီးတွေပေါ်အကြမ်း ဖက်မှုတွေကို အရေးယူလို့ မရဘူးပါဘူး။ မရတဲ့အခါ ခွဲခြားဆက်ဆံခံရမှုတွေပိုပြီးတော့ ဖြစ်လာပါတယ်" ဟု ပြောသည်။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးနိုင်ငံတကာသဘောတူစာချုပ် (CEDAW) ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထား၍ စာချုပ်ပါကတိများအတိုင်း မြန်မာစစ်အစိုးရက ဆောင်ရွက်ခြင်း မရှိကြောင်း သုံးသပ်တင်ပြချက်များကို လာမည့် နိုဝင်ဘာ (၃) ရက် ဂျနီဗာ၌ ကျင်းပမည့် (၄၂) ကြိမ်မြောက် စီဒေါ ကော်မီတီ အစည်းအဝေးသို့ တင်ပြသွားမည်ဟု (WLB) က ဆက်လက်ပြောကြားသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို ကရင်၊ ကရင်နီ၊ ရှမ်း၊ ကချင်၊ ရခိုင်၊ ဗမာ၊ ထားဝယ်၊ ပအိုဝ့်၊ ပလောင်၊ လားဟူ၊ ကူကီး စသည့် တိုင်းရင်းသား အမျိုး သမီးအဖွဲ့ (၁၂) ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး ထိုင်းနိုင်ငံတွင်အခြေစိုက်သည်။

(http://www.newskhitpyaing.co.cc/?p=764)

## ၄။ ကချင်သတင်းဌာန (Kachin News Group) မှ

**(WLB) က စီဒေါ (CEDAW) အစီရင်ခံစာ ထုတ်ပြန်လိုက်ခြင်း (မြန်မာဘာသာပြန်)**
အင်္ဂါနေ့၊ အောက်တိုဘာလ ၂၈ ရက်၊ ၂၀၀၈ ခုနှစ်။

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ ပပျောက်ရေး နိုင်ငံတကာ သဘောတူစာချုပ် (စီဒေါ) (CEDAW) ကို မြန်မာစစ်အစိုးရက လက်မှတ်ရေးထိုးခဲ့သော်လည်း အစီရင်ခံစာ အသစ်အရ မြန်မာပြည်ရှိ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရှိရသည်။

"စစ်အာဏာရှင်၏ လောင်းရိပ်အောက်၌" ဟု အမည်ပေးထားသော အစီရင်ခံစာတရပ်ကို အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) က ယနေ့ ထုတ်ပြန်လိုက်သည်။ ၎င်းအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ စနစ်တကျ ကျား–မ ခွဲခြားဆက်ဆံနေမှုကို ထုတ်ဖော်ရေးသားထားပြီး၊ ၎င်းအစီရင်ခံစာကို ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဂျီနီဗာ၌ ကျင်းပမည့် စီဒေါ ကော်မီတီ၏ ၄၂ ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံ အခြေအနေကို သုံးသပ်ရာ၌ တင်ပြမည် ဖြစ်သည်။

အစီရင်ခံစာ အသစ်အရ "မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အဆင့်တိုင်း၌ အကြမ်းဖက်မှုနှင့် ရင်ဆိုင်နေကြရသည်။ သမိုင်း စဉ်ဆက် ကျား–မ ခွဲခြားဆက်ဆံမှု ပုံစံသာမက စစ်အုပ်ချုပ်ရေး၏ တိုက်ရိုက်အကျိုးသက်ရောက်မှုနှင့် ဥပဒေအရ အုပ်ချုပ်မှု ကင်းမဲ့နေခြင်းကြောင့် ပို၍ နစ်နာနေရသည်" ဟု ဖော်ပြထားသည်။

"စီဒေါ အစီရင်ခံစာကို ထုတ်ပြန်ရတဲ့ အကြောင်းအရင်းက မြန်မာ စစ်အစိုးရ စစ်တပ်တွေရဲ့ အစီရင်ခံစာက ယုံကြည်လက်ခံ နိုင်စရာ မရှိဘူး ဆိုတာရယ်၊ ၁၉၉၇ ခုနှစ်မှာ  အစိုးရက စီဒေါစာချုပ်ကို လက်မှတ်ထိုးပြီးတာတောင် မြန်မာပြည်မှာ ဘာတိုး တက်မှုမှ မရှိဘူးဆိုတာရယ်ကို သိစေချင်လို့ပါ" ဟု မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ အထွေထွေအတွင်းရေးမှူး မတင်တင်ညိုက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ အမျိုးသမီး အများစုက စီဒေါ သဘောတူညီချက်အကြောင်း မသိရှိကြဘဲ အစိုးရကလည်း ပြည်သူလူထုအကြား အသိပညာ ရရှိရေးအတွက် မဖန်တီးပေးကြောင်း၊ မြန်မာနိုင်ငံရှိ မိန်းကလေးငယ်များနှင့် အမျိုးသမီးများ၏ ကောင်းစားရေး အတွက် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ လိုအပ်ကြောင်း အထွေထွေအတွင်းရေးမှူးက ထပ်လောင်း ပြောကြားခဲ့သည်။

အစီရင်ခံစာ၌ မြန်မာစစ်အစိုးရ၏ မအောင်မြင်သော မူဝါဒများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အပေါ် အထူးသဖြင့် ပညာရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှု အပိုင်းများတွင် မည်သို့ အနုတ်လက္ခဏာ ဆောင်သည့် ရလဒ်များ ရှိနေပုံကိုပါ ထုတ်ဖော်ရေးသားထားသည်။

(WLB) သည် မြန်မာနိုင်ငံမှ မတူကွဲပြားသော တိုင်းရင်းသား နောက်ခံများ ရှိကြသည့် အမျိုးသမီး ၁၂ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော တပ်ပေါင်းစု အဖွဲ့အစည်းတခု ဖြစ်ပါသည်။ ၎င်းကို ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဖွဲ့စည်း တည်ထောင်ခဲ့ သည်။

(http://www.kachinnews.com/index.php?option=com_content&task=view&id=629&Itemid=50)

### ၅။ ကမ္ဘာ့ရေဝတီတိုင်းမ်စ် သတင်းဌာနမှ–

**စစ်အစိုးရ၏ အမျိုးသမီး အစီရင်ခံစာ ဖြစ်ရပ်မှန်နှင့် ဆန့်ကျင်ဟု ယှဉ်ပြိုင်အစီရင်ခံစာကဆို**

တည်မြဲ၊ အောက်တိုဘာ ၂၉၊ ၂၀၀၈။

မြန်မာစစ်အစိုးရမှ ကမ္ဘာ့ကုလသမဂ္ဂထံ တင်သွင်းထားသော (CEDAW) ခေါ် အမျိုးသမီးများအား နည်းမျိုးစုံနှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး အစီရင်ခံစာသည် လက်တွေ့အဖြစ်မှန်နှင့် ဆန့်ကျင်ဖက် ဖြစ်နေကြောင်း ပြည်ပရောက် မြန်မာအမျိုးသမီးများအဖွဲ့က ဆိုသည်။

နိုဝင်ဘာလ ၃ ရက်နေ့တွင် ဆွိဇာလန်နိုင်ငံ၊ ဂျာနီဗာမြို့တွင် ကျရောက်မည့် ၄၂ ကြိမ်မြောက် (CEDAW) ၏ နှစ်ပတ်လည် အစည်းအဝေး တွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုနှင့် ပတ်သက်ပြီး၊ အကျယ်တဝင့် ဆွေးနွေးကြမှာ ဖြစ်သည့်အတွက် စစ်အစိုးရမှ မြန်မာအမျိုးသမီး များအကြောင်း တင်သွင်းထားချက်များသည် အမှန်တကယ် မဟုတ်မမှန်ကြောင်း မြန်မာ အမျိုးသမီးအဖွဲ့ချုပ် ဖြစ်သည့် (WLB) မှ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ယှဉ်ပြိုင် အစီရင်ခံစာတစောင် ထုတ်ပြန်၍ ယခုလို ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

"နအဖ ပြောနေတဲ့ ဒီသူတို့ လုပ်ဆောင်ပေးနေတယ်ဆိုတဲ့ အချက်အလက်တွေဟာ တကယ့်တကယ် လက်တွေ့ဘဝနဲ့ လက်တွေ့ ဖြစ်နေတဲ့ အခြေအနေနဲ့ ဆန့်ကျင်ဖက် ဖြစ်နေပါတယ်။ တကယ့်တကယ် အမှန်လက်တွေ့ဘဝမှာ အမျိုးသမီး တွေ က ဒီအကြမ်းဖက်မှုတွေ နောက်ပြီးလို့ရှိရင် အမျိုးသမီးတွေ ဘဝက အဖက်ဖက်ကနေ ချွတ်ခြုံကျနေတယ် ဆိုတဲ့ဟာကို ကျမတို့က အမှန်တရားကို ထောက်ပြချင်တဲ့ ရည်ရွယ်ချက်ပေါ့လေ အဲဒါနဲ့ ကျမတို့က ဒီယှဉ်ပြိုင် အစီရင်ခံစာကို ထုတ်ခြင်း ဖြစ်တယ်ပေါ့နော်" (WLB) မှ တွဲဖက် အထွေထွေ အတွင်းရေးမှူး (၂) (L. Dwelling) က ပြောပါသည်။

စစ်အစိုးရမှ တင်သွင်းထားသော အစီရင်ခံစာက မြန်မာနိုင်ငံမှ အမျိုးသမီးများသည် မမွေးခင်ကတည်းကပင် အခွင့်အရေး အပြည့်အဝ ရနေကြောင်း၊ ကျား မ ခွဲခြားဆက်ဆံခြင်းများ မရှိကြောင်း ရေးသား အစီရင်ခံထားသည်ဟု ဆိုသည်။

(WLB) အဖွဲ့၏ ယှဉ်ပြိုင် အစီရင်ခံစာတွင်မူ စစ်တပ်နှင့်တကွ ၎င်းနှင့် ဆက်နွယ်နေသော ကိုယ်စားလှယ်အဖွဲ့အစည်းများ အာဏာလက်ကိုင်ရှိနေသ၍ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများ အနေဖြင့် ဘဝဖွံ့ဖြိုးတိုးတက်မှု၊ သူတို့၏ အခွင့်အရေးများ၊ မြင့်တင်ကာကွယ်ပေးမှုများ ရှိမည် မဟုတ်ကြောင်း ဆိုပါသည်။

ယခု ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း မြန်မာအမျိုးသမီး အများစုသည် စစ်ဓါးစာခံအနေနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရပြီး နယ်စပ်သို့ ထွက်ပြေးရောက်ရှိလာသည့် အမျိုးသမီးများ ရှိနေကြောင်း ၎င်းတို့ကို လိုအပ်သည့် ဆေးကုသမှုတွေကို ပေးနေရပြီး၊ လုံလုံခြုံခြုံ နေထိုင်နိုင်အောင် စီစဉ်ပေးနေကြောင်း မြန်မာနယ်စပ်ရောက် မြန်မာတိုင်းရင်းသူ အမျိုးသမီးများ ကယ်ဆယ်စောင့် ရှောက်ရေးအဖွဲ့မှ တာဝန်ခံဖြစ်သူ ဒေါ်နှင်းရီက ပြောပါသည်။

ယခုထုတ်ပြန်သည့် ယှဉ်ပြိုင် အစီရင်ခံစာကို မြန်မာအမျိုးသမီးများ အဖွဲ့ချုပ်မှ အခြားတိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်းများ၊ နယ်စပ်အခြေစိုက် အဖွဲ့အစည်းများနှင့်အတူ ပညာရေး၊ ကျန်းမာရေး ဒေသဖွံ့ဖြိုးရေးနှင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှု စသည့်ကဏ္ဍများ၌ စစ်အစိုးရ၏ ပေါ်လစီသည် အမျိုးသမီးထုကို ဘယ်လိုထိခိုက်နစ်နာစေသည်ဆိုသည် အကြောင်း ကျယ်ပြန့် နက်ရှိုင်းသည့် အသေးစိတ် အချက်အလက်များကို စုစည်းတင်ပြထားသည်ဟု ဆိုသည်။

အစီရင်ခံစာနှင့် ပတ်သက်ပြီး (L. Dwelling) က "ကျမတို့ရဲ့ ဒီယှဉ်ပြိုင် အစီရင်ခံစာကို အသုံးပြုပြီးမှပေ့ါ ဒီနိုင်ငံတကာ အစိုးရကို ကျမတို့ ဖိအားပေး တောင်းဆိုတဲ့အချိန်မှာ ပိုပြီးမှ ထိရောက်မယ်လို့ ကျမတို့ မျှော်လင့်တယ်ပေ့ါလေ" ဟု ပြောသွားပါသည်။

**၆။ ဒီမိုကရက်တစ် မြန်မာ့အသံ ရေဒီယို (ဒီဗွီဘီ) မှ –**

**တိုင်းရင်းသူ အမျိုးသမီး အဖွဲ့အစည်းများ စီဒေါ အစည်းအဝေးတက်ရောက်**
ဒီဗွီဘီ၊ ၁၊ နိုဝင်ဘာ၊ ၂၀၀၈
ရီမေအောင်

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့မှာ ကျင်းပနေတဲ့ စီဒေါ (CEDAW) အစည်းအဝေးကို အစိုးရမဟုတ်တဲ့ မြန်မာနိုင်ငံ တိုင်းရင်းသား အမျိုးသမီး အဖွဲ့အစည်း ချင်း၊ ကချင်၊ ပလောင်၊ ကရင်၊ ရှမ်း၊ မြန်မာ အမျိုးသမီး ၇ ဦးက ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ ပါတယ်။

ဒီအစည်းအဝေးမှာ နအဖ အစိုးရဘက်က တင်ပြထားလာတဲ့ အမျိုးသမီး အခွင့်အရေးနဲ့ ပတ်သက်ပြီး ပြောဆိုချက်၊ တင်ပြ ချက်တွေဟာ တကယ့်ပြည်တွင်းမှာ အမျိုးသမီးတွေ ခံစားနေရတဲ့အခြေအနေတွေဟာ ကွာခြားနေတဲ့အကြောင်းကို အချက် အလက်အပြည့်အစုံနဲ့ မြန်မာ အမျိုးသမီး ကိုယ်စားလှယ်အဖွဲ့က တင်ပြဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

ဒီအကြောင်းကို မြန်မာအမျိုးသမီး ကိုယ်စားလှယ် တဦးဖြစ်သူ စွမ်း–ရှမ်းအမျိုးသမီး အဖွဲ့က ယင်းန်ဇမ်က "အစီရင်ခံစာ တင်တာက အဓိက ခေါင်းစဉ်ကတော့ ၆–ခု ရှိတယ်၊ စီဒေါရဲ့ အာတီကယ် ဝမ်းတူဖိုက်ပေ့ါ၊ အဲဒါက အစိုးရရဲ့ တာဝန်ရှိမှုအပေါ်မှာ အမျိုးသမီးအပေါ် ခွဲခြား ဆက်ဆံမှု ပပျောက်ရေးအတွက် အစိုးရကနေ တာဝန်ရှိမှုအပေါ်မှာ သူတို့က ဘယ်လောက် လုပ်လဲ၊ မလုပ်ဘူးလဲ ဆိုတာကို ကျမတို့ ကပြောတယ်။ နောက်တခုက လူကုန်ကူးမှု ကိစ္စနဲ့ ပတ်သက်ပြီးတော့မှ ကျမတို့ ပြောတယ်။ နောက်တခုက အစိုးရကနေပြီးတော့မှ သူတို့ ကျန်းမာရေးနဲ့ ပညာရေး ဘတ်ဂျက်ကို ပေးမယ့်အစား စစ်တပ်တွေမှာ ပိုပြီးတော့သုံးတယ် ဆိုတဲ့ဟာတွေကို ကျမတို့ပြောတယ်။ ပြည်တွင်း

ထဲမှာ၊ ဒေသဖွံ့ဖြိုးရေးတွေမှာ သူတို့ စစ်အစိုးက ဘယ်လိုလုပ်နေသလဲပေါ့။ ပြီးတော့ အမျိုးသမီးတွေအပေါ် ဘယ်လိုမျိုး အကျိုးသက်ရောက်မှုတွေ ရှိနေသလဲ ဆိုတဲ့ဟာကို ပြောတယ်။"

မြန်မာနိုင်ငံမှာ အမျိုးသမီးတွေ အကြမ်းဖက်ခံရမှု အခြေအနေကို အစိုးရ မဟုတ်တဲ့ မြန်မာအမျိုးသမီး ကိုယ်စားလှယ်ဘက်က အောက်တိုဘာလ ၂၇ ရက်နေ့မှာ တင်ပြခဲ့ပြီး၊ နအဖရဲ့ မြန်မာကိုယ်စားလှယ် ဘက်ကတော့ လာမယ့် နိုဝင်ဘာလ ၃ ရက်နေ့ မှာ တင်ပြမှာဖြစ်ပါတယ်။

"ကျမတို့ ၂၇ ရက်နေ့က စီဒေါကော်မီတီနဲ့ အစည်းအဝေး ရှိတယ်။ အဲဒီ အစည်းအဝေးမှာ မြန်မာတနိုင်ငံတည်း မဟုတ်ဘူး။ တခြားနိုင်ငံတွေလည်း ပါတယ်။ အားလုံးပေါင်း ၄ နိုင်ငံပေါ့၊ အဲဒီမှာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကနေ ပြီးတော့ အစိုးရက ပြောတာ မဟုတ်ဘူး။ အစိုးရ ကိုယ်တိုင်ကတောင်မှ အမျိုးသမီးတွေအပေါ် ခွဲခြားဆက်ဆံမှုကို ပိုပြီး ဖြစ်စေတယ်ဆိုတာ ကျမ တို့ တင်ပြကြတယ်။ အဲဒီမှာ ပရီစဲတေးရှင်း (presentation) လိုပေါ့။ အဓိက ပြောလိုတဲ့အချက်က မြန်မာနိုင်ငံမှာလည်း စစ် ဖြစ်နေဆဲပါပဲ။ စစ်တွေဖြစ်နေသ၍ စစ်အစိုးရ အာဏာရှိနေသ၍ ကတော့ ဒီအကြမ်းဖက်မှုက ပပျောက်သွားမှာ မဟုတ်ဘူး ဆိုတဲ့ဟာကို ကျမတို့ ပြောတာပေါ့လေ။ ၃ ရက်နေ့ကျရင် သူတို့ စစ်အစိုးရက တင်လာတဲ့ အစီရင်ခံစာကို သူတို့ကြည့်ပြီးတော့မှ စစ်အစိုးရက ပို့လာတဲ့ ကိုယ်စားလှယ်တွေကို တင်လာတဲ့ အစီရင်ခံစာအပေါ်မှာ မေးခွန်းမေးကြမှာပေါ့။ တကယ်လို့ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုတွေ ပပျောက်အောင် စစ်အစိုးရ တကယ်လုပ်နေသလား၊ မလုပ်ဘူးလားဆိုတာ သူတို့က မေးမယ်။" လို့ အစိုးရ မဟုတ်တဲ့ မြန်မာအမျိုးသမီး ကိုယ်စားလှယ် တစ်ဦးဖြစ်သူ စွမ်း–ရှမ်းအမျိုးသမီးအဖွဲ့က ယင်းနံ့ဇမ် က ပြောပြပါတယ်။

ဒီနှစ် စီဒေါ အစည်းအဝေးကို အမျိုးသမီးအခွင့်အရေးတွေ ချိုးဖောက်ခံနေရတဲ့ နိုင်ငံတွေအဖြစ် မြန်မာ၊ မွန်ဂိုလီးယား၊ ပေါ်တူဂီ၊ စလိုဗက်ကီးယား အပါအဝင် ဖ နိုင်ငံ တက်ရောက်ခဲ့ပါတယ်။

(Convention on the Elimination of Discrimination Against Women --CEDAW) စီဒေါ အဖွဲ့ဟာ ကမ္ဘာပေါ်မှာ ရှိတဲ့ အမျိုးသမီးတွေ အကြမ်းဖက်ခံရမှု ပပျောက်ရေးအတွက် ကြားနာစစ်ဆေးပေးနေတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော် မရှင် လက်အောက်ခံ အဖွဲ့အစည်း တခုအဖြစ် ၁၉၇၉ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကနေ စတင်ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

စီဒေါ စက်ရှင်းကို ၁၉၈၂ ခုနှစ်က စတင်ကျင်းပခဲ့တာဖြစ်ပြီး၊ ၂၀၀၈ ခုနှစ်မှာ ၄၂ ကြိမ်မြောက် အစည်းအဝေးအဖြစ် ကြားနာ စစ်ဆေးနေတာ ဖြစ်ပါတယ်။

အမျိုးသမီးများအပေါ် အကြမ်းမဖက်ရေး စီဒေါရဲ့ အခြေခံ သဘောတူညီချက် ဖ ချက်ကို မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။

(http://burmese.dvb.no/news.php?id=6033)

**စီဒေါ နှင့် ပတ်သက်ပြီး မြန်မာအမျိုးသမီးများ၏ လှုပ်ရှားမှု**
ဒီဗွီဘီ၊ ၃၊ နိုဝင်ဘာ၊ ၂၀၀၈
ရီမေအောင်

မြန်မာနိုင်ငံတွင်းက အမျိုးသမီးတွေ အကြမ်းဖက်ခံနေရမှု၊ လူ့အခွင့်အရေး ဆုံးရှုံးနေရမှုတွေကို ထုတ်ဖော်တင်ပြခဲ့တဲ့ ပြည်ပ မြန်မာတိုင်းရင်းသား အမျိုးသမီးတွေရဲ့ ကြိုးပမ်းမှုဟာ မြန်မာပြည်တွင်းက အမျိုးသမီးတွေ လွတ်မြောက်မှုအတွက် အထောက် အပံ့ဖြစ်စေတယ်လို့ အမျိုးသမီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ချီးကျူးကြိုဆိုလိုက်ပါတယ်။

မြန်မာနိုင်ငံတွင်းက အမျိုးသမီးတွေ အကြမ်းဖက်ခံရမှု အခြေအနေတွေကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့မှာ ကျင်းပနေတဲ့ စီဒေါ အစည်းအဝေးမှာ တင်ပြနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြတဲ့ မြန်မာတိုင်းရင်းသား အမျိုးသမီးတွေရဲ့ ဆောင်ရွက်ချက်အပေါ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ကရင်ပြည်နယ်၊ ဖားအံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထွေးမြင့်က ကြိုဆိုလိုက်တာ ဖြစ်ပါတယ်။

"အမျိုးသမီးတွေ လုပ်ဆောင်မှုက အင်မတန်မှ ကျမတို့အတွက် အထောက်အကူ ဖြစ်တာပေါ့။ ပြင်ပကနေပြီးတော့ သူတို့ရဲ့ နစ်နာဆုံးရှုံးမှု တွေတင်တော့ အခုက နယ်စပ်ကနေပဲ တင်တာ၊ ကျမတို့ မြို့ပေါ်မှာလည်း တချို့ခံနေရတဲ့ နေရာတွေ ရှိတာပဲ။ စစ်သားတွေရဲ့ အဓမ္မ ပြုကျင့်ခံရတာတွေ၊ လူပါ အသတ်ခံရတာတွေ၊ ကျမတို့ သံတောင်ကြီးဖက်မှာ အထင်အရှား ရှိတာပဲ။ ကျောင်းဆရာမကို သူတို့ အဲသလိုပဲ လုပ်ပြီးတော့ သတ်ထားလိုက်တာ၊ ဘယ်သူမှတောင် မဟာရဲဘူး။ ဒါတောင် မြို့ပေါ်မှာ။ ဒီလို နေရာတောင်မှ လုပ်ရဲသေးတယ်။ နယ်စပ်က လူတွေဆို မပြောနဲ့တော့။ အခု နယ်စပ်တွေက ဒီလိုတင်လာတယ်ဆိုရင် သူတို့ အဲမှာ ပြောပေးလို့ ဒီမှာနေတဲ့လူက နည်းနည်းခံသာနေ တာ၊ နို့မဟုတ်ရင် ကျမတို့က သက်တောင့်သက်သာမှ မရှိပဲ။ သူတို့ကို အမြဲလန့်နေရတယ်။ "

မနက်ဖြန် စီဒေါ အစည်းအဝေးမှာ နအဖ ကိုယ်စားလှယ်အဖွဲ့က မြန်မာပြည်မှာ အမျိုးသမီးအခွင့်အရေးတွေ ရှိနေကြောင်း တင်ပြမှာမို့ ဒီလိုတင်ပြမယ့် အကြောင်းအရာတွေပေါ်မှာလည်း အမျိုးသမီး နိုင်ငံရေးလှုပ်ရှားသူ တစ်ဦး အနေနဲ့ ဒေါ်နန်းခင် ထွေးမြင့်က အခုလို ဝေဖန် ပြောဆိုလိုက်ပါတယ်။

"မြန်မာပြည်ရဲ့ အမျိုးသမီးတွေ တကယ့် အစစ်အမှန် အခြေအနေကတော့ ဘာအခွင့်အရေးမှ ထူးထူးခြားခြားရတာ မရှိဘူး။ ဘာလို့လဲဆို တော့ အခုလောလောဆယ် ထင်ထင်ရှားရှား ပြစရာ ရှိတာက သူတို့သွားတက်တဲ့ အစည်းအဝေးက အမတို့ သိရသလောက်ဆိုရင် အမျိုးသား က ၄ ယောက်၊ အမျိုးသမီးက ၂ ယောက် ဆိုတာ သိရတယ်။ အဲဒီကတည်းကိုက ဘယ်လို လုပ်ပြီးတော့ အမျိုးသမီး အခွင့်အရေးထဲမှာ အမျိုးသားတွေက ပါနေရတာလဲ။ အမျိုးသမီး အခွင့်အရေးဆိုရင် အမျိုးသမီး ကိုယ်တိုင်ပြောမှပဲ မှန်ကန်တဲ့ အခွင့်အရေး ရမှာပေါ့။ အမျိုးသမီး အခွင့်အရေးကို အမျိုးသားတွေက တက်ပြောနေတယ်ဆိုတော့ ဒါဘယ်လိုမှ သဘာဝကျတဲ့ လှုပ်ရှားမှုတခု မဟုတ်ဘူး။ အဲဒါကို ကြည့်ခြင်းအားဖြင့် လာမယ့် နောက်ဆက်တွဲ တွေက မှန်ကန်တဲ့ဟာတွေ မဟုတ်ဘူးဆိုတာ သိသာတယ်။"

အလားတူ ပြည်တွင်းမှာ ဖြစ်ပေါ်နေတဲ့ တိုင်းရင်းသား အမျိုးသမီးတွေရဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနဲ့ ပတ်သက်ပြီး ၁၉၉၀ ရွေးကောက်ခံ အမျိုးသမီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထွေးမြင့်က အခုလို ဝေဖန် ပြောဆိုပါတယ်။

" ပြည်တွင်းမှာနေတဲ့ အမျိုးသမီး တယောက်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် တိုင်းရင်းသား တယောက်လည်း ဖြစ်တယ်။ ကရင် ပြည်နယ် ဖက်မှာဆိုရင် ပေါ်တာဆွဲရင် ယောကျ်ားတွေပဲ ဆွဲတယ်။ ယောကျ်ားတွေက ထွက်ပြေးပြီး ပုန်းနေတဲ့အခါကျရင် အိမ်ထဲမှာရှိတဲ့ မိန်းမတွေ လည်း ထမ်းရတယ်။ မိန်းမတွေ ထမ်းရတဲ့အခါကျတော့ ပိုနာတာပေါ့။ မိန်းမတွေက ပစ္စည်းလည်း ထမ်းပေးရသေးတယ်။ ညကျရင်လည်း သူတို့ရဲ့ သားမယားပြုကျင့်ခြင်းလည်း ခံရတယ်ဆိုတော့ အဲဒါတွေက ကရင်ပြည်နယ်ဖက်မှာ အများကြီးပဲ။ ဒါကလည်း ထူးဆန်းပြီးတော့ အံ့သြစရာ မရှိတော့ဘူး။ ကရင်ပြည်နယ်မှာ ဒါလူတိုင်းသိနေတဲ့ ကိစ္စတခုပဲ။ ဒီလို အခွင့်အရေးမျိုးတွေ ဘယ်သူက ကာကွယ်ပေးလို့လဲ။ ဘယ်သူမှလည်း ကာကွယ်ပေးတာ မဟုတ်ဘူး။ "

(http://burmese.dvb.no/news.php?id=6025)

**နအဖ အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ စီဒေါ ကော်မီတီဝင်တွေရဲ့ မေးမြန်းချက်တွေကို မဖြေနိုင်**
ဒီဗွီဘီ၊ ၄၊ နိုဝင်ဘာ၊ ၂၀၀၈
ခင်မောင်စိုးမင်း

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့မှာ ပြုလုပ်တဲ့ စီဒေါခေါ် အမျိုးသမီးများအပေါ် ဘက်စုံ ဖိနှိပ်မှု တားဆီး ကာကွယ်ရေး (၄၂) ကြိမ်မြောက် ညီလာခံရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ မနေ့က ကော်မီတီဝင်တွေရဲ့ ကြားနာစစ်ဆေးမှုကို မြန်မာနအဖစစ်အစိုးရ ကိုယ်စားလှယ်တွေက ရေရေရာရာ မဖြေကြားနိုင်ခဲ့ဘူးလို့ သိရပါတယ်။

စီဒေါခေါ် အမျိုးသမီးများအပေါ် ဖိနှိပ်မှု တားဆီးကာကွယ်ရေး ညီလာခံအတွက် မြန်မာ နအဖစစ်အစိုးရက ပြီးခဲ့တဲ့နှစ် ၂၀၀၇ ဒီဇင်ဘာလ ကတည်းက အစီရင်ခံစာ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

မနေ့ကမှ ပြီးသွားတဲ့ (၄၂) ကြိမ်မြောက် စီဒေါ ညီလာခံမှာ မြန်မာ နအဖ ကိုယ်စားလှယ်အဖွဲ့က အဲဒီ အစီရင်ခံစာနဲ့ ပတ်သက်ပြီး ရှင်းပြပါတယ်။

နောက်ဆုံးရက်မှာတော့ စီဒေါ ကိုယ်စားလှယ်တွေက နောက်ဆက်တွဲ ကြားနာစစ်ဆေးခဲ့ရာမှာ နအဖ စစ်အစိုးရ ကိုယ်စား လှယ်တွေက ဘာမှ တိတိပပ ဖြေကြားနိုင်ခြင်း မရှိဘူးလို့ စီဒေါအစည်းအဝေးမှာ ယှဉ်ပြိုင်တက်ရောက်နေတဲ့ မြန်မာ အတိုက်အခံ အမျိုးသမီး ကိုယ်စားလှယ် ချယ်ရီဇာဟောင်က ရှင်းပြပါတယ်။

"မနေ့က စီဒေါ ကော်မီတီဝင်တွေက ဘက်လိုက်မှု မရှိဘဲနဲ့ အမျိုးသမီးတွေရဲ့ဘဝ တိုးတက်မှုဟာ တကယ်ရော ဖြစ်ခဲ့ရဲ့လားဆိုတဲ့ အစီရင်ခံစာ ကြည့်ပြီးတော့ မေးခွန်းတွေ မေးတယ်လေ။ အဲတော့ နအဖ ကိုယ်စားလှယ်ဖက်ကနေ ထိထိရောက်ရောက် မေးခွန်းတွေ မဖြေနိုင်ဘူး။ ဘာလို့လဲဆိုတော့ သူတို့ကို အထက်ကနေ ဒါပဲ သွားဖတ်ပါဆိုတဲ့ စာရွက်တွေနဲ့ လာကြတယ်လေ။ ဆိုတော့ တော်တော်လေး စီဒေါကော်မီတီ ဝင်တွေက စိတ်တိုတာလည်း ရှိတယ်။ နောက်ကျန်တဲ့ ပရိသတ်တွေကလည်း တော်တော်လေးကို မကျေမနပ်ဖြစ်နေကြတယ်။ "

စီဒေါ ကော်မီတီအဖွဲ့ဝင်တွေက နအဖ အခြေခံဥပဒေထဲမှာ အမျိုးသမီး လွတ်လပ်ခွင့် ဘယ်လောက်ပါသလဲ၊ လူကုန်ကူးမှု တိုက်ဖျက်ရေး အချက်အလက်တွေက ဘာလဲ၊ စတာတွေကို မေးမြန်းတဲ့အခါမှာလည်း နအဖ ကိုယ်စားလှယ်အဖွဲ့က မေးခွန်းနဲ့ မဆိုင်တဲ့ လမ်းတွေ ဘယ်လောက်ဖောက်ထားကြောင်း၊ တံတားတွေ ဘယ်လောက်ဆောက်ထားကြောင်းနဲ့ ကျောင်းတွေ အများအပြား ဖွင့်ပေးနေကြောင်းပဲ ဖြေကြားသွားတယ်လို့ သိရပါတယ်။

အလားတူ စီဒေါညီလာခံမှာ ပြည်ပရောက် အတိုက်အခံ မြန်မာအမျိုးသမီး ကိုယ်စားလှယ်တွေကလည်း ယှဉ်ပြိုင်အစီရင်ခံစာ တင်သွင်းခဲ့ပါ သေးတယ်။

ဒါနဲ့ ပတ်သက်ပြီးလည်း အဲဒီကိုယ်စားလှယ် အဖွဲ့ထဲမှာ ပါဝင်တဲ့ ချယ်ရီဇာဟောင်က ဂျီနီဗာမြို့ကနေ ရှင်းပြပါတယ်။

"စစ်အစိုးရက သူတို့ပေးထားတဲ့ ဇယားတွေ၊ နောက် အစီရင်ခံစာဟာဆိုလို့ ရှိရင် နိုင်ငံတကာရဲ့ အာရုံစိုက်မှုကို ရချင်လို့၊ ငွေရချင်လို့ ဖြစ်ပါတယ်။ ကျမတို့ရဲ့ နိုင်ငံမှာ အမျိုးသမီးတွေရဲ့ ဘဝအဖြစ်အပျက်က ဒီလို ရှိနေပါသေးတယ်ဆိုတာ အမျိုး သမီးရဲ့ ကျန်းမာရေး၊ ပညာရေးက အင်မတန်မှ နုံချာနေသေးတယ်ဆိုတာ ပြောတယ်။ နိုင်ငံရေး ပါဝင်မှုတွေမှာဆိုရင် လွတ်လပ်ခွင့်လုံးဝ မရှိသေးပါဘူးလို့ ကျမတို့ ပြောတယ်။"

စီဒေါ ညီလာခံကနေ မြန်မာ နအဖ စစ်အစိုးရနဲ့ ပတ်သက်ပြီး၊ တစုံတရာ ဆုံးဖြတ်ချက်ချကာ အရေးယူနိုင်ခြင်း မရှိပေမယ့် မြန်မာနိုင်ငံကို ကိုယ်စားလှယ်အဖွဲ့ စေလွှတ်စုံစမ်းတာတွေ၊ ကုလသမဂ္ဂ အထွေထွေ ညီလာခံကို မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး တင်ပြတာတွေ လုပ်ဆောင်နိုင်မှာ ဖြစ်ကြောင်း သိရပါတယ်။

မနေ့ကမှ ပြီးသွားတဲ့ အမျိုးသမီးတွေနဲ့ ပတ်သက်တဲ့ စီဒေါညီလာခံကို နအဖ စစ်အစိုးရ ကိုယ်စားလှယ် (၁၀) ဦး တက်ရောက်တဲ့နေရာမှာ (၇) ဦးက အမျိုးသားတွေဖြစ်နေပါတယ်။

အဲဒီအတွက် ညီလာခံမှာ တက်ရောက်လာကြတဲ့ နိုင်ငံတကာ အမျိုးသမီးတွေအကြားမှာ ထူးခြားမှု တခု ဖြစ်နေပါတယ်။

အလားတူ ၁၉၉၅ ခုနှစ်က စတုတ္ထအကြိမ်မြောက် နိုင်ငံတကာအမျိုးသမီး ညီလာခံကြီးမှာလည်း ကမ္ဘာ့အမျိုးသမီးတွေ အကြားမှာ မြန်မာကိုယ်စားလှယ်အဖွဲ့က ဗိုလ်ချုပ်တဦး ဦးဆောင်ပြီး တက်ရောက်ခဲ့ဖူးပါတယ်။

(http://burmese.dvb.no/news.php?id=6047)

**၇။ မဇ္ဈိမ သတင်းဌာနမှ–**

**မြန်မာ့ အမျိုးသမီး အခွင့်အရေး 'အရာမယွင်းရှိနေ' ဟု စစ်အစိုးရ ကုလသံအမတ်ကြီးပြော**
မံပီး– အင်္ဂါနေ့၊ နိုဝင်ဘာလ ၄ ရက်၊ ၂၀၀၈ ခုနှစ်။ ၁၉း ၀၀ နာရီ။ မြန်မာစံတော်ချိန်

နယူးဒေလီ။ ။ မြန်မာအမျိုးသမီးများသည် ရိုးရာဥပဒေအရ အထူးအခွင့်အရေးများရရှိ ခံစားရလျက်ရှိပြီး၊ ယောကျာ်းများနှင့် တန်းတူ အမျိုးသမီးများ ရပ်တည်ခွင့် ရနေကြသည်ဟု ကုလသမဂ္ဂဆိုင်ရာ မြန်မာ သံအမတ်ကြီးက တနင်္လာနေ့က ပြောကြား သွားခဲ့ပါသည်။

မြန်မာစစ်အစိုးရသည် အမျိုးသမီး အခွင့်အရေး ကာကွယ်ရေးအတွက် အလုံအလောက် ဆောင်ရွက်ပေးခဲ့ကြောင်းဖြင့် ဂျနီဗာတွင် ကျင်းပသည့် 'အမျိုးသမီးများအား နည်းလမ်းပေါင်းစုံဖြင့် ခွဲခြားဆက်ဆံခြင်း တိုက်ဖျက်ရေး ကွန်ဗင်းရှင်း' (CEDAW) ၏ ၄၂ ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၃ ဦးပါ ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင် တက်ရောက်လာသည့် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်က တနင်္လာနေ့က ပြောကြားခဲ့သော မိန့်ခွန်းတွင် ထည့် သွင်း ပြောကြားသွားခဲ့ပါသည်။

အဆိုပါ ကော်မီတီ အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ပြည်ပရောက် အမျိုးသမီး အဖွဲ့အစည်းတခု၏ တက်ကြွ လှုပ်ရှားသူ အမျိုးသမီးတဦးဖြစ်သော ချယ်ရီဇဟော (Cherry Zahau) ကမူ "ဦးဝဏ္ဏ၏ ပြောကြားချက်သည် အလွန် အံ့အား သင့်စရာဖြစ်ပြီး၊ မြန်မာပြည်တွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု လုံးဝ ရှိပုံမရဟု ပြောကြားခြင်းသည်လည်း လုံးဝ ယုံကြည် နိုင်စရာ မရှိကြောင်း" ဖြင့် တနင်္လာနေ့က ပြောပါသည်။

ယခင် ရက်သတ္တပတ်က 'အရိပ် အစီရင်ခံစာ' (Shadow Report) ကို အခြား အမျိုးသမီးခေါင်းဆောင် ၈ ဦးနှင့် အတူ ပူးတွဲ တင်သွင်းခဲ့သည့် ဇဟောက "ဦးဝဏ္ဏ ပြောကြားခဲ့သည့် အခြေအနေသည် ကျမတို့ သိထားသည်များနှင့် လုံးဝကွဲပြားခြားနားနေကာ အခြေအနေများနှင့် လုံးလုံးလျားလျား ကွာခြားနေကြောင်း" ဖြင့် စစ်အစိုးရ၏ CEDAW အစည်းအဝေး အစီရင်ခံစာပါ အချက်အလက်များကို ချေပ ပြောကြား သွားခဲ့ပါသည်။

အလွန် ထိတ်လန့်တုန်လှုပ်ဘွယ် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် နိုင်ငံတကာ၏ ပြစ်တင် ဝေဘန်မှုများကို ခံနေရသည့် မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံကျေးလက်နေ အမျိုးသမီးဦးရေ၏ ၇၀% ကျော်သည် သင့်တော်ကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုကို ခံစားခွင့် ရနေကြပြီး၊ အရွယ်ရောက်ပြီး အမျိုးသမီး အများစုအတွက်လည်း အထက်တန်း ပညာသင်ကြားခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံ ပေးထားသည်ဟု ယင်းအစီရင်ခံစာတွင် စစ်အစိုးရက ဖေါ်ပြ ရေးသားထားပါသည်။

မြန်မာစစ်တပ်က အထူးသဖြင့် တိုင်းရင်းသား လူနည်းစု လူမျိုးစုများ နေထိုင်သည့်ဒေသများရှိ အမျိုးသမီးများကို မုဒိမ်းကျင့်သည်ဆိုသည့် စွပ်စွဲချက်များကိုလည်း ဦးဝဏ္ဏက ငြင်းဆိုသွားခဲ့ပါသည်။ ထိုင်းနိုင်ငံအခြေစိုက် ရှမ်းအမျိုးသမီး လှုပ်ရှားမှုကွန်ရက် (SWAN) အပါအဝင် တိုင်းရင်းသား အမျိုးသမီး အဖွဲ့အစည်း အတော်များများက ဤအချက်ကို မီးမောင်းထိုး၍ အစီရင်ခံစာတရပ် ရေးသားတင်သွင်းခဲ့ပါသည်။

သို့သော် မြန်မာနိုင်ငံ ချင်းအမျိုးသမီးများ၏ ထီးရိုပ် အဖွဲ့အစည်း တရပ်ဖြစ်သော ‘ချင်းအမျိုးသမီး အဖွဲ့ချုပ်’ (WLC) ၏ ဆက်သွယ်ညှိနှိုင်းရေးမှူးဖြစ်သော ဇဟောကမူ “မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် လုံခြုံမှု လုံးဝမရှိဘဲ စစ်အစိုးရသည် အမျိုးသမီးများကို ဆက်လက်ဖိနှိပ် အမြတ်ထုတ်လျက်ရှိကြောင်း၊ အမျိုးသမီး အခွင့်အရေးများကို အကာအကွယ် ပေးမထားကြောင်း” ဖြင့် ပြောကြားသွားပါသည်။

အမျိုးသားများ လွှမ်းမိုးကြီးစိုးသည့် ယဉ်ကျေးမှုရှိသော မြန်မာနိုင်ငံတွင်  စစ်အစိုးရ အုပ်ချုပ်နေသည့်အတွက် အခြေအနေများမှာ ပိုမိုဆိုးရွားသွားကြောင်း၊ ပညာရေး၊ ကျန်းမာရေး နှင့် အလုပ်အကိုင် ရရှိရေးအပါအဝင် နယ်ပယ်ပေါင်းစုံတွင် အမျိုး သမီး အခွင့်အရေးများမှာ ချိုးဖောက်အမြတ်ထုတ်ခြင်း ခံနေရကြောင်းဖြင့် သူမက ပြောပါသည်။

“မြန်မာနိုင်ငံတွင် အမျိုးသမီးအများစုအတွက် အမြင့်ဆုံး ရရှိနိုင်သော ပညာရေး အဆင့်အတန်းမှာ ဒသမတန်းထိသာ ဖြစ် ကြောင်း” ဇဟော က ပြောပါသည်။

ဇဟောနှင့် သူမ၏ လုပ်ဖော်ကိုင်ဘက် အမျိုးသမီး ခေါင်းဆောင်များက ပူးတွဲ အစီရင်ခံစာတစောင်ကို တင်သွင်းခဲ့ကြသည်။ ထိုအစီရင်ခံစာကို တိုင်းရင်းသား အမျိုးသမီးအဖွဲ့ ၁၂ ဖွဲ့ကို ကိုယ်စားပြုသည့် (WLC) နှင့် မြန်မာနိုင်ငံ အမျိုးသမီးအဖွဲ့ချုပ် (WLB) တို့ ပူးတွဲ တင်သွင်းခဲ့ကြခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးများက ‘အရိပ်အစီရင်ခံစာ’ (Shadow Report) ဟု ခေါ်သည့် အစီရင်ခံစာတွင် စစ်အစိုးရ အုပ်ချုပ်မှုကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ ဆိုးရွားပြင်းထန်စွာ ထိခိုက် ခံစားနေ ရပုံများကို အသားပေး ဖေါ်ပြထားပါသည်။

မြန်မာစစ်အစိုးရ၏ CEDAW အစီရင်ခံစာကို ခုခံချေပထားသည့် ဤအစီရင်ခံစာတွင် ကျေးလက်နှင့် မြို့မှာပါ မြန်မာလူ့အဖွဲ့အစည်း တခုလုံးတွင် အမျိုးသမီးများသည် မိသားစုအတွင်းနှင့် အလုပ်ခွင်အပြင် အထက်တန်းကျောင်း အထိတွင်ပါ ဆရာများ၏ ခွဲခြားဆက်ဆံမှုများကို အညီအမျှ ခံစားနေကြရကြောင်းဖြင့် ရေးသားထားပါသည်။

မြန်မာနိုင်ငံတွင် အစိုးရပြောင်းလဲရေး၊ ဒီမိုကရေစီစနစ် ထူထောင်ရေးသည်သာ အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်နိုင်မည့် တခုတည်းသောလမ်း ဖြစ်သည့်အတွက် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရေး ဖြစ်စဉ်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက ဝိုင်းဝန်းကူညီကြပါရန် အစီရင်ခံစာက တောင်းဆိုထားပါသည်။

သို့သော် ဤအမျိုးသမီးများ၏ အစီရင်ခံစာကို ငြင်းဆိုသည့် အနေနှင့် ဦးဝဏ္ဏနှင့် သူ့ကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ လုံခြုံမှုရှိကြောင်း ပြောဆိုပါသည်။ ထို့ပြင် အမျိုးသမီးများနှင့် စပ်လျဉ်းသော ပြဿနာ မှန်သမျှကိုလည်း လူထုအခြေပြု အဖွဲ့အစည်းတရပ်ဖြစ်သော မြန်မာအမျိုးသမီးရေးရာ အဖွဲ့ချုပ် (MWAF) က ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်

ပေးလျက် ရှိကြောင်းဖြင့် ပြောဆိုသွားပါသည်။ သို့သော် ဝေဘန်သူများကမူ အဆိုပါ အဖွဲ့အစည်းသည် စစ်အစိုးရ၏ ရုပ်သေးအဖွဲ့အစည်း တရုပ်သာ ဖြစ်ပြီး စစ်ဗိုလ်ချုပ်များ၏ ဇနီးမယားများ ကတော်များဖြင့် လည်ပတ် ဖွဲ့စည်းထားခြင်းသာ ဖြစ်သည်ဟု ပြောဆိုကြပါသည်။

“မြန်မာနိုင်ငံ အမျိုးသမီးတွေကို ကိုယ်စားပြု တက်ရောက်လာတဲ့ ကိုယ်စားလှယ်အဖွဲ့မှာ အမျိုးသား ၇ ဦးပါလာတာတော့ အတော်ရီစရာ ကောင်းပါတယ်။ ဒါကိုကြည့်ရင် အမျိုးသမီးတွေ ဖိနှိပ်ခံနေရတာ ထင်ရှားပါတယ်” ဟု ဇဟော က ပြောပါ သည်။

(http://www.mizzimaburmese.com/news/regional/1932-2008-11-04-12-43-15.html)

၈။ **(Le Temps) ဆွစ် သတင်းဌာနမှ** (ဆွစ်ဘာသာဖြင့်)

Des ONG dénoncent les violences faites aux femmes birmanes

ASIE DU SUD-EST. La junte prétend qu'aucune discrimination n'a cours dans son pays. Un mensonge grossier d'après le «contre-rapport» de la Ligue des femmes de Birmanie.



Des militantes de la Ligue des femmes de Birmanie. «Pourtant notre pays est riche, martèle l'une d'elles.

Il regorge de ressources naturelles, échangées contre les armes qui servent à opprimer le peuple.»

Par Angélique Mounier-Kuhn, Le Temps, Mercredi 5 novembre 2008

Elles sont une douzaine, gaies et pimpantes comme des étudiantes en goguette. Militantes au sein de plusieurs organisations non gouvernementales (ONG) regroupées sous la bannière de la Ligue des femmes de Birmanie (WLB), elles sont pourtant venues en Suisse parler de choses graves: les inégalités et les maltraitances systématiques dont sont victimes les femmes au pays des généraux.

En 1997, la junte militaire s'est affiliée à la Convention des Nations unies sur l'élimination de toute forme de discriminations contre les femmes (Cedaw). Par pur calcul: le régime espérait en regagner quelque crédit sur la scène internationale. Depuis, il est tenu de présenter des rapports périodiques à la Division pour l'avancement des femmes de l'ONU. Le dernier document officiel publié en 2007 tend à prouver que les autorités birmanes «ne comprennent pas la définition de discrimination par le sexe pas plus que le but de la Cedaw», raille la Ligue des femmes dans le «contre-rapport» qu'elle est venue présenter à Genève devant l'ONU.

Ces activistes ont pris le parti de l'humour, et évoquent les généraux comme elles relateraient les facéties de galopins turbulents. «Lorsque cet après-midi à l'ONU quelqu'un a demandé aux représentants du régime pourquoi Aung San Suu Kyi [ndlr: la porte-drapeau de l'opposition et Prix Nobel de la paix] était assignée à résidence surveillée depuis cinq ans, et si c'était parce qu'elle était une femme, ils ont répondu que cela n'avait rien à voir. Ils ont expliqué qu'elle était une «menace» à la souveraineté nationale, et que, preuve que le régime n'est pas discriminatoire, il n'arrêtait pas que des femmes mais aussi «beaucoup d'hommes», s'esclaffe Nang Charm Tong, membre du Shan Women's Action Network.

Comme ses consœurs, Charm Tong ne vit plus en Birmanie, où toute forme de militantisme est bannie. Elle est réfugiée de «l'autre côté» de la frontière, en Thaïlande. Cheery Zahau, elle, vit en Inde. Il y quelque temps, la jeune femme est revenue clandestinement au pays de ses origines, recueillir des témoignages de femmes. Ils dépeignent une situation sinistre.

Par tradition, la société birmane privilégie l'homme, un penchant exacerbé par la militarisation à l'extrême du pays et qu'aucune loi ne contrecarre. Dans ce contexte, les femmes sont les premières à pâtir des dépenses insuffisantes de l'Etat en matière d'éducation ou de santé (respectivement moins de 1,3% et de 3% de la richesse nationale quand 40% du budget est alloué à l'armée). Elles endurent aussi la pauvreté qui sévit dans les campagnes. «Pourtant notre pays est riche, martèle Cheery Zahau. Il regorge de ressources naturelles. Elles sont échangées contre les armes qui servent à opprimer le peuple.»

Mais les difficultés des femmes birmanes ne se bornent pas au machisme ambiant. Elles sont «confrontées à la violence à tous les niveaux», alerte le contre-rapport de la WLB. La ligue a dressé un inventaire exhaustif de ces «violences»: travail forcé, comme le transport de munition au service de la junte; prostitution contrainte, parfois sous le patronage même d'officiels du régime; et viols. «De plus en plus de contingents sont envoyés dans les zones ethniques, explique Charm Tong. Les soldats y pratiquent le viol systématique. En toute impunité puisqu'ils n'encourent aucune punition légale.»

«Cet Etat n'est pas sûr, et la situation ne s'y améliore pas, enchaîne une consœur. A l'intérieur du pays 600000 déplacés. Et 2 millions de Birmans sont réfugiés à l'étranger, souvent en Thaïlande, pour fuir les abus en matière de droits de l'homme et la pauvreté. C'est un désastre, qui, contrairement au cyclone Nargis [ndlr: qui a dévasté le sud de la Birmanie en mai dernier], a été causé par l'homme.»

La junte a beau nier encore et toujours les réalités qu'elles dénoncent, ces militantes ne doutent pas un instant de l'utilité de leur combat. «Notre rapport est une façon de stigmatiser les autorités sur la scène internationale. C'est cela qui compte, maintenir la pression. Elles doivent être confrontées à la honte, assure Cheery Zahau. Et il est important de faire savoir aux femmes de Birmanie que le monde ne les a pas oubliées.»

*https://www.letemps.ch/template/international.asp?page=4&article=243384*

## ၉။ မဇ္ဈိမ သတင်းဌာနမှ–

**မြန်မာနိုင်ငံနှင့် အမျိုးသမီး အခွင့်အရေး မျက်နှာစာ (မြန်မာဘာသာပြန်)**
မြင့်မြတ်၊ ကြာသပတေးနေ့၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ ၁၅း ၃၁။

ကျွန်မရဲ့ မြနမာမိတ်ဆွေတွေကို မြန်မာနိုင်ငံက အမျိုးသမီး အခွင့်အရေးအကြောင်း မေးတဲ့အခါ သူတို့ မကြာမကြာ ဟာသလုပ်ပြောတတ်တာကတော့ မြန်မာစစ်အစိုးရက အမျိုးသမီးရော၊ အမျိုးသားရော မခွဲခြားဘဲ အတူတမျှ နှိပ်စက်ပေးပါတယ် တဲ့။ အမှန်တော့ ဗြိတိသျှတွေ မသိမ်းပိုက်ခင်က မြန်မာအမျိုးသမီးတွေမှာ လက်ဘနွန်နဲ့ ဂျပန်ကြားက နိုင်ငံအားလုံးထက်သာတဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တွေနဲ့ စာတတ်မြောက်မှုနှုန်းတွေ မြင့်ခဲ့ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို သူတို့ ထောက်ခံပြခဲ့ခြင်းအားဖြင့် မြန်မာလူထုဟာ အမျိုးသမီး နိုင်ငံရေး ခေါင်းဆောင်တွေကို လက်ခံမယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဝမ်းနည်းစရာ ကောင်းတာက ဒီအစဉ်အလာအပေါ်မှာ တည်ဆောက်ဖို့ထက် အတိတ်က စစ်အုပ်ချုပ်ရေး ၄၅ နှစ် လုံးလုံးဟာ မြန်မာအမျိုးသမီးတွေရဲ့ အခြေအနေကို အောက်ခြေက လှိုက်စားပျက်စီးစေခဲ့ပါတယ်။

နိုဝင်ဘာ ၃ ရက်နေ့၊ တနင်္လာနေ့မှာ ကုလသမဂ္ဂ ကော်မီတီက ကြီးမှူးကျင်းပကဲ့တဲ့ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု ပပျောက်ရေး နိုင်ငံတကာသဘောတူညီချက် (စီဒေါ) က မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေး အနေအထားကို ဆွေးနွေးဖို့ အစည်းအဝေး တခု ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ စီဒေါ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး၊ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံမှုကို လျှော့ချဖို့၊ လူမှောင်ခို ကုန်ကူးမှုကို ကာကွယ်ဖို့၊ အမျိုးသမီးတွေကို အကြမ်းဖက်မှုနဲ့ အဓမ္မ ကျင့်ခံရမှုတွေကို တားဆီးဖို့နဲ့ အမျိုးသမီးတွေ အနေနဲ့ သူတို့အခွင့်အရေးတွေ အကြမ်းဖက်ခံရရင် တိုင်ကြားဖို့ နည်းလမ်းတခု တည်ဆောက်ဖို့ သဘောတူခဲ့ပါတယ်။

ပုံမှန်အားဖြင့် ကုလသမဂ္ဂ ကော်မီတီ အဖွဲ့ဝင်တွေက အစိုးရကိုယ်စားလှယ်တွေကို ကြမ်းတမ်းတဲ့၊ ဒါမှမဟုတ် နိုင်ငံရေးဆန်တဲ့ မေးခွန်းတွေ မမေးပါဘူး။ ဒါပေမယ့် စီဒေါကော်မီတီဝင်များစွာက မြန်မာကိုယ်စားလှယ်တွေရဲ့ အဖြေတွေနဲ့ ပတ်သက်ပြီး မချင့်မရဲ ဖြစ်လာတာနဲ့ အစိုးရက ဖြေကြားဖို့ ရှောင်လိုက်တဲ့ မေးခွန်းတွေကို ထပ်ကာထပ်ကာ မေးမြန်းပါတယ်။ စီဒေါကော်မီတီက ဝါရင့် စောင့်ကြည့်ရေးသမားတဦးရဲ့ အဆိုအရ အဲဒါမျိုး သူမကြုံဖူးကြောင်း ပြောပါတယ်။

စီဒေါကော်မီတီရဲ့ ကြားနာမှုကို သံအမတ် ဦးဝဏ္ဏမောင်လွင်နဲ့ စရာမှာ သူဖြေပုံက မြန်မာ့ လူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေ ကို ခွဲခြားဆက်ဆံမှု လုံးဝ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ပွန်းယောကျ်ားတွေက သူတို့လစာတွေကို ဇနီးတွေဆီ အပ်ကြ ပြီး၊ အမျိုးသမီးတွေက အိမ်ထောင်စုကို စီမံခန့်ခွဲကြပါတယ်တဲ့။ ကော်မီတီ အဖွဲ့ဝင်တဦးကတော့ သံအမတ်ရဲ့ အမျိုးသမီးတွေ အပေါ် အိမ်ရှင်မတွေလို့ စရိုက်လက္ခဏာဖော်ပြနေတာကိုက ပုံသေကားကျ သမားရိုးကျ ပုံစံဝင်နေကြောင်း ထောက်ပြသွားခဲ့ ပါတယ်။

အစိုးရ ကိုယ်စားလှယ်တွေဟာ မြန်မာနိုင်ငံ ဥပဒေအောက်က ခွဲခြားဆက်ဆံမှုဆိုတာ တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းပြ တဲ့နေရာမှာ ဒုက္ခရောက်ခဲ့ပါတယ်။ စီဒေါ ကော်မီတီထံ ၎င်းတို့တင်သွင်း ရေးသားချက်ထဲမှာဆို မြန်မာ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တူညီတဲ့ အနေအထားမှပဲ ပျော်ခဲ့ကြလို့ ခွဲခြားဆက်ဆံခြင်း (discrimination) ဆိုတဲ့ စကားကိုတောင် အဓိပ္ပါယ်ဖွင့်စရာ မလိုပါဘူးလို့ နအဖက ဖော်ပြခဲ့ပါတယ်။

ကော်မီတီ အဖွဲ့ဝင်များစွာက စစ်အစိုးရရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းဟာ အမျိုးသမီးတွေကို ခွဲခြားမှု ရှိထားလားလို့ စိုးရိမ်နေကြောင်း ဖော်ပြခဲ့ပါတယ်။ အခြေခံဥပဒေ ဖော်ပြချက် အပိုဒ် ၃၅၂ မှာ အစိုးရက ညွှန်းပြထားတာက "အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်း" လို့ ပါဝင်နေပါတယ်။ ကော်မီတီ အဖွဲ့ဝင်တွေက အဲဒီစာပိုဒ်ရဲ့ အဓိပ္ပါယ်ကို မေးကြတဲ့အခါ မြန်မာ့လူ့အခွင့်အရေးအဖွဲ့ရဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီးစစ်အေးက ဖြေကြားရာတွင် အစိုးရအနေနဲ့ အမျိုးသမီးတွေကို သောင်းကျန်းမှုတွေ များနေတဲ့ နယ်မြေရေိယာတွေ၊ သို့မဟုတ် အန္တရာယ်ထူပြောတဲ့ နယ်မြေတွေမှာ စစ်သား၊ ကျောင်းဆရာမ၊ သူနာပြု၊ ဒါမှမဟုတ် တခြားအလုပ်တွေမှာ ခန့်ထားခိုင်းစေခြင်းမှ ကြိုတင်ကာကွယ်ဖို့ အဲသည်စာပိုဒ်ကို အသုံးပြုနိုင်တယ် လို့ဆိုပါတယ်။ အဲသည်လို နယ်မြေရေိယာတွေမှာ အမျိုးသမီးထောင်ပေါင်းများစွာ နေထိုင်နေရတာ တောင်သူတို့မှာ အလုပ်လုပ်ဖို့ အခွင့်အလမ်းမရှိ၊ သူတို့ မိသားစုတွေ အတွက် ဝင်ငွေထောက်ပံ့ရှာဖွေနိုင်ခြင်း မရှိ ဖြစ်နေရတာပါ။

ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက်ဖို့ ဖွဲ့ထားတဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် **(MWAF)** ကိုလည်း စီဒေါ ကော်မီတီရဲ့ စဉ်းစားချင့်ချိန်မှုများမှာ ထည့်သွင်းခဲ့ပါတယ်။ အစိုးရ ကိုယ်စားလှယ်အဖွဲ့က **(MWAF)** ကို အစိုးရနဲ့ မသက်ဆိုင်တဲ့ အဖွဲ့အစည်း **(NGO)** တခုအနေနဲ့ မိတ်ဆက်ပေးခဲ့ပေမယ့် မြန်မာနိုင်ငံက အမျိုးသမီးတွေ အကြမ်းဖက်ခံရခြင်းများကို တိုင်ကြားမှုအပေါ် စောင့်ကြည့်ထိန်းသိမ်းဖို့ အခြေခံအဖွဲ့အစည်းအဖြစ်လည်း ညွှန်းဆိုပြခဲ့ပါတယ်။ **(MWAF)** က ကိုယ်စားလှယ် အဖွဲ့ဝင်တဦးရဲ့ အဆိုအရ ၂၀၀၇ ခုနှစ်မှာ **(MWAF)** ကို တိုင်ကြားမှု (၂၄၆၁) မှု ရရှိခဲ့ပြီး၊ ၎င်းတို့အထဲမှ (၁၂၈၄) မှုကို အစိုးရ ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးခဲ့ပါတယ်။ အဲဒါကို ကြားရခြင်းဖြင့် စီဒေါ ကော်မီတီ အဖွဲ့ဝင်တွေက အစိုးရဟာ အမျိုးသမီးအခွင့်အရေး ကာကွယ်မှုကို **(NGO)** အဖွဲ့တခုဆီ လွှဲပြောင်းပေးအပ်ထားတယ် ဆိုတာကို အံ့သြသွားပါတယ်။ တိုင်ကြားမှုတွေ လက်ခံတဲ့ အခြေခံ အဖွဲ့အစည်းမှာ တရားဝင် အစိုးရ အခန်းကဏ္ဍဘာမှ မရှိဘဲ (နအဖ) အမျိုးသမီး အခွင့်အရေး အကြမ်းဖက်မှုတွေကို ထိရောက်စွာ ကိုင်တွယ်နေပါတယ် ဆိုတာကို ကော်မီတီ အဖွဲ့ဝင် လူကြီးများက ယုံကြည်မှု ကင်းမဲ့နေပုံ ရပါတယ်။ ပြောရရင်တော့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ပြရင်းနဲ့ အစိုးရဟာ မြန်မာပြည်က အမျိုးသမီးအခွင့်အရေးတွေအပေါ် သူတို့ရဲ့ တာဝန်ယူမှုက တိမ်တိမ်လေးပဲ ရှိနေတာကို ပြလိုက်တာပါပဲ။

အမြင့်ပိုင်း အစိုးရ အဖွဲ့၊ ဒါမှမဟုတ် နိုင်ငံရေး ရာထူးနေရာတွေမှာ အမျိုးသမီးတွေ ဘာကြောင့် သိပ်နည်းပါးနေသလဲ ဆိုတာကို ရှင်းပြဖို့ စီဒေါ ကော်မီတီက မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့ကို မာန်ပါပါနဲ့ တွန်းအားပေးခဲ့ပါတယ်။ စီဒေါရဲ့ ပုဒ်မ ၇ မှာပါဝင် တာက နိုင်ငံတွေဟာ နိုင်ငံရေးရာထူး အမြင့်နေရာတွေမှာ အမျိုးသမီးတွေကို တိုးမြှင့်ခန့်ထားဖို့ လိုတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် စစ်တပ်ညီလာခံရဲ့ ကိုယ်စားလှယ် ၁၀၈၀ ဦးထဲမှာ အမျိုးသမီးက ၆၇ ဦးပဲ ရှိပါတယ်။ ဒ့ါအပြင် စစ်တပ်အရာရှိတွေ အများစုက အမျိုးသားတွေ ဖြစ်တဲ့အတွက် တပ်မတော်အတွက် လျာထားတဲ့ လွှတ်တော်ရဲ့ လေးပုံတစ်ပုံစာ ရာထူးနေရာတွေမှာ အမျိုးသမီးတွေ ပါဝင်နိုင်မလားလို့ စီဒေါကော်မီတီက မေးပါတယ်။ အဲဒါကို သံအမတ်ကြီး ဦးဝဏ္ဏက ထင်မြင်ချက်ပေးရာမှာ အမျိုးသမီး ဗိုလ်မှူးကြီးတွေ ရှိနေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ အမျိုးသမီးတွေ ပါဝင်နိုင်ပါတယ်လို့ ပြောသွားပါတယ်။ ဒါပေမယ့် သူပြောသွားတဲ့ အထဲမှာ စစ်တပ်ထဲက အမျိုးသမီး အများစုက နိုင်ငံရေးမှာ သက်ရောက်မှု မရှိတဲ့ ဆေးဘက်ဆိုင်ရာမှာ အလုပ်လုပ်တာ ဖြစ်ပါတယ်။

စီဒေါ ကော်မီတီဝင် အမျိုးသားတဦးက ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး သူမကို အိမ်အကျယ်ချုပ် ချထားတာက အမျိုးသမီးတွေ အနေနဲ့ နိုင်ငံရေးမှာ ပါဝင် ပတ်သက်မှု မပြုနိုင်ဘူးလို့ အားလျော့စေတဲ့ သင်္ကေတ ဖြစ်စေပါသလားလို့ ရဲရဲရင့်ရင့် မေးလိုက်တော့ အစိုးရရဲ့ အဖြေက "အကျဉ်းချထားတဲ့ အမျိုးသားနိုင်ငံရေးသမားတွေလည်း အများကြီးရှိပါတယ်" လို့ဆိုပါတယ်။ ဆိုတာက မြန်မာနိုင်ငံက နိုင်ငံရေး ဖိနှိပ်ချုပ်ချယ်မှုကို အနက်အရှိုင်းကို အသားပေး ဖော်ပြလိုက်သလိုပါပဲ။

မြန်မာ အစိုးရအနေနဲ့ အာဆီယံ ပဋိညာဉ်စာတမ်းက အဆိုပြုတဲ့ လူ့အခွင့်အရေး အဖွဲ့ (Human Rights Body) ကို လိုက် နာတဲ့ အနေနဲ့ လူ့အခွင့်အရေး ကော်မရှင်တရပ်ကို ထူထောင်ဖို့ ကတိပေးခဲ့ပါတယ်။ ဒါပေမယ့် ကော်မရှင်ထဲမှာ (NGO) အဖွဲ့ ဝင်တွေ ဆိုတာက အစိုးရက ထိန်းချုပ်ထားတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မိခင်နဲ့ ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းတို့ပဲ ဖြစ်လာ နိုင်ပါတယ်။ ဒါ့အပြင် အစိုးရက အမျိုးသမီး အခွင့်အရေးကို အားပေးတဲ့ နေရာမှာ လွတ်လပ်တဲ့ တရားခုံရုံးတွေရဲ့ အခန်းကဏ္ဍ ကို ဘေးချိတ်ထားပြီး၊ တပ်မတော်က ထိန်းချုပ်နိုင်တဲ့ စီမံခန့်ခွဲမှု  အတိုင်းအတာတွေပေါ်မှာပဲ အာရုံစိုက်ထားချင်ပုံပါပဲ။

စစ်အုပ်ချုပ်မှု ရှိနေပေမယ့် မြန်မာပြည်က အမျိုးသမီးတွေက အများကြီး ဂုဏ်ယူစရာတွေ ရှိနေပါတယ်။ အခြား ဝင်ငွေနည်းတဲ့ နိုင်ငံလေး တွေက အမျိုးသမီးတွေနဲ့ယှဉ်ရင် မြန်မာနိုင်ငံက အမျိုးသမီးတွေက တူညီတဲ့ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု အခွင့်အရေးနဲ့ ပညာ အခွင့်အလမ်းတွေ ရရှိပါတယ်။ မြန်မာတက္ကသိုလ်တွေမှာ ပါမောက္ခ အများစုက အမျိုးသမီးတွေပါ။ ဒေါ်အောင်ဆန်း စုကြည်ကနေ နန်းချန်တောင်း အထိ အမျိုးသမီးတွေဟာ မြန်မာနိုင်ငံမှာ လွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်နေကြတဲ့ နေရာမှာ ဦးဆောင်နေကြပါတယ်။ ကံမကောင်းလှစွာပဲ စီဒေါ ကော်မီတီရဲ့ မေးခွန်းတွေက ပြသသွားတာကတော့ မြန်မာအစိုးရက အမျိုး သမီး အခွင့်အရေးတွေကို ကာကွယ်ပေးရေးအကြောင်း သေချာ ဆောင်ရွက်မပေးဘူးဆိုတာ ပြသနေပါတယ်။ ကျား–မတန်းတူရေး ကိစ္စများအပေါ် အစိုးရရဲ့ အလေးမထားမှုကို သာမာန်အားဖြင့် တည်ငြိမ်တဲ့ ကော်မီတီအဖွဲ့ဝင်တွေကတောင် အံ့သြတုန် လှုပ်သွားရတဲ့ အထိပါပဲ။ ကုလသမဂ္ဂ အနေနဲ့တော့ မြန်မာအစိုးရက စီဒေါတာဝန် ဝတ္တရားတွေကို ဖြည့်ဆည်းလာအောင် ဒီလို ပွင့်လင်းတဲ့ နှစ်ဦးနှစ်ဖက် ဆွေးနွေးပွဲမျိုးတွေ ဆက်လက် လုပ်ဆောင်လိမ့်ဦးမယ်လို့ မျှော်လင့် ရပါတယ်။

*မြင့်မြတ်သည် နိုင်ငံတကာ အမျိုးသမီး လူ့အခွင့်အရေး ဆေးကုခန်း (International Women's Human Rights Clinic) တခုတွင် ပါဝင်တက်ရောက်နေသည့် တတိယနှစ်၊ ဥပဒေကျောင်းသူ တဦး ဖြစ်ပါသည်။*

(http://www.mizzima.com/edop/analysis)

## အတိုကောက် စာလုံးများ

| | |
|---|---|
| AP | အာရှ–ပစိဖိတ်ဒေသ |
| CBO | လူမှုအသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများ |
| CEDAW | အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာ  သဘောတူစာချုပ် |
| CWT | စီဒေါ် အလုပ်အဖွဲ့ |
| DT | မူကြမ်းရေးသားရေး အဖွဲ့ |
| IDR | သတင်း၊ မှတ်တမ်းနှင့် သုတေသနဌာန |
| IWRAW | နိုင်ငံတကာ အမျိုးသမီးအခွင့်အရေးများ လှုပ်ရှားမှု စောင့်ကြည့်လေ့လာရေး အဖွဲ့ |
| MWAF | မြန်မာ့ အမျိုးသမီးရေးရာ အဖွဲ့ချုပ် |
| NBC | နော်ဝေ–မြန်မာ ကော်မီတီ |
| NORAD | ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် နော်ဝေနိုင်ငံ၏ အေဂျင်စီ |
| PB | သဘာပတိအဖွဲ့ဝင်များ |
| PEP | နိုင်ငံရေး စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ် |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNCHR | ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင် |
| UNCSW | ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများ အဆင့်အတန်းဆိုင်ရာ ကော်မရှင် |
| UNGA | ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံ |
| UNHCR- Ex Com | ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး– အမှုဆောင်အဖွဲ့ |
| UNIFEM | ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ရံပုံငွေအဖွဲ့ |
| UNPFIP | ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအတွက် အမြဲတမ်းဆုံရပ် ဖိုရမ် |
| UNSCR | ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် |
| WCAR | လူမျိုးရေး ခွဲခြားဖိနှိပ်မှု ဆိုင်ရာ ကမ္ဘာ့ညီလာခံ |
| WILPF | ငြိမ်းချမ်းရေးနှင့် လွတ်လပ်ခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ အဖွဲ့ချုပ် |
| WLB | အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WLC | ချင်းလဲန်းအမျိုးသမီးများ အဖွဲ့ချုပ် |
| WO | အမျိုးသမီး အဖွဲ့များ |

---

၁ UNCSW, UNCHR, UNPFIP, UNGA, UNHCR, -- ExCom, UNSCR lobby week.

၂ အသေးစိတ် အချက်အလက်များကို ပိုမို သိရှိလိုပါက (OCHCR) ၏ လင့်ခ်ကို ကြည့်ပါရန်။ *http://daccessdds.un.org/doc/UNDOC/GEN/N08/603/49/PDF/N0860349.pdf?OpenElement*

၃ http://www2.ohchr.org/english/bodies/cedaw/docs/ngos/WLB_Myanmar.pdf.

၄ သင်တန်းတက်ရောက်သူများမှာ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင် အဖွဲ့အစည်းများမှ အမျိုးသမီးများနှင့် ထိုင်း–မြန်မာ နယ်စပ်တလျှောက် အခြေစိုက်ကြသည့် ကွန်ယက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ ဖြစ်ပါသည်။

၅ နောက်ဆက်တွဲ (၂) ကို ကြည့်ပါ။

၆ သတင်း၊ မှတ်တမ်းနှင့် သုတေသနဌာန တွင် ၃ ဦး တာဝန်ထမ်းဆောင်သည်။ အဖွဲ့ဝင်များမှာ နန်းလောင်လျှန်းဝမ်း၊ ယိင်းစံနှင့် စေတနာ့ဝန်ထမ်းတဦး ဖြစ်သူ Ann Adams တို့ဖြစ်ပါသည်။

၇ နောက်ဆက်တွဲ (၃) ကို ကြည့်ပါ။

၈ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် အကြောင်းအရာ အမျိုးမျိုးအပေါ်တွင် လှုပ်ရှား လုပ်ကိုင်နေကြသော လူထုအခြေပြုအဖွဲ့အစည်းများ စုစည်းထားသော အသင်း ဖြစ်သည်။

၉ ယခု ကာလမှာ အလွန်စိတ်ပင်ပန်း ခက်ခဲလှသည့်အချိန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နာဂစ် ဆိုက်ကလုန်းမုန်တိုင်း တိုက်ခတ်မှုနှင့် ကြုံရသော ကြောင့် အဖွဲ့ဝင်များစွာ အတွက်လည်း ဖိအားများ များစွာကြုံတွေ့ခဲ့ရပါသည်။ နာဂစ်မုန်တိုင်းကြောင့် လူပေါင်း (၁၀၀၀၀၀) ကျော် အသက်ဆုံးရှုံးရပြီး၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနေ လူပေါင်း ၂.၄ သန်းကို ဒုက္ခရောက်စေခဲ့ပါသည်။ အလုပ်အဖွဲ့ဝင်များသည် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ စည်းရုံးလှုံ့ဆော်သူများ ဖြစ်သည့်အားလျော်စွာ နာဂစ်မုန်တိုင်း ကူညီရေး နိုင်ငံတကာ လှုံ့ဆော်မှုများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ကြ ရပါသည်။

၁၀ စာတမ်းရေးသားရန် ကျွမ်းကျင်သူ ပညာရှင်ရရှိရန် အချိန်နောက်ကျနေသောကြောင့် အဖွဲ့ခေါင်းဆောင်က လုံးဝ တာဝန်ယူကာ ရေးသားခဲ့ရသည်။

၁၁ Burma Relief Center-BRC က အစည်းအဝေးကျင်းပနိုင်ရန် ငွေကြေး ပံ့ပိုးပေးခဲ့ပါသည်။ ကွန်ယက်မိတ်ဆွေ တဦးဖြစ်သူ နာလီနီ ဆင်းဂ် (Nalini Singh) က အစည်းအဝေးတွင် ဦးဆောင် ဆွေးနွေး ပေးခဲ့ပါသည်။

၁၂ အသေးစိတ်ကို နောက်ဆက်တွဲ ၄ တွင် ကြည့်နိုင်ပါသည်။

၁၃ စီဒေါစာချုပ်ဆိုင်ရာ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကို နိုင်ငံတကာ အမျိုးသမီး အခွင့်အရေးများ လှုပ်ရှားမှု စောင့်ကြည့်ရေးအဖွဲ့ (အာရှ–ပစိဖိတ်ဒေသ) (IWRAW-AP) က ဦးစီးကျင်းပသည်။

၁၄ ကုလသမဂ္ဂ၏ (၄၂) ကြိမ်မြောက် စီဒေါအစည်းအဝေး ဖြစ်ပါသည်။

၁၅ အသေးစိတ် လှုပ်ရှားမှုများကို နောက်ဆက်တွဲ ၅ တွင် ကြည့်နိုင်ပါသည်။

၁၆ အသေးစိတ်ကို နောက်ဆက်တွဲ ၆ တွင် ကြည့်နိုင်ပါသည်။

Women's League of Burma

P O Box 413, G P O
Chiang Mai 50000
Thailand

wlb@womenofburma.org
www.womenofburma.org